# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၃)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (13-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၉၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၂**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ဆင်ယင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁**

**ကထိန်အလှူခံကျောင်း**
**နေပြည်တော် ဇေယျာသီရိမြို့နယ်**
**ရေဆင်းကံဦးကျောင်းဆရာတော်**
**အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝနထံ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေး**
**ကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်**
**ဇနီး ဒေါ်ကြူကြူလှတို့က**
**ကထိန်လျာသင်္ကန်း**
**ဆက်ကပ်လှူဒါန်းစဉ်။**




ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၃ ရက်
အယ်ဒီတာ့အာဘော်

# သက်န်းအလှူများထဲ၌ အမြတ်ဆုံးသော ကထိန်သင်္ကန်း

"ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ သင်္ကန်းမှာ ကထိန်"ဟူ၍အဆိုရှိရာ ကထိန်သင်္ကန်းကပ်လှူရခြင်းသည် သင်္ကန်းအလှူများထဲ၌ အမြင့်မြတ်ဆုံး၊ အကျိုးကျေးဇူးကြီးမားဆုံးအလှူဖြစ်ပါသည်။ ကထိန်သည် ကထိနဟူသောပါဠိစကားကို မြန်မာမှုပြုထားခြင်းဖြစ်သည်။ ကထိန်သည် အကျိုးငါးချက်ကို တစ်ပြိုင်နက်တည်းပေါင်းစု၍ ရရှိစေနိုင်သောအလုပ်၊ အကျိုးပေးမြဲမြံခိုင်ခံ့သောအလုပ်၊ ဘုရားအစရှိသော ပညာရှိတို့ ချီးကျူးသောအလုပ်မျိုးဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ကထိန်ဖြစ်ပေါ်လာပုံမှာ ဂေါတမဘုရားရှင်လက်ထက်တွင် ဘုရားရှင်သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အာရာမ်ဖြစ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီး၏ညီနောင်များဖြစ်ကြသော ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့သည် ရဟန်းအဖြစ်ကို ရပြီးနောက် ပါဝေယျတိုင်းမှနေ၍ မြတ်စွာဘုရားရှင်ကို ဖူးမြော်ရန်ကြွချီလာခဲ့ကြသည်။ ခရီးဝေးကွာသဖြင့် သာကေတမြို့၌ ဝါကပ်ကြပြီး ဝါကျွတ်ကာလတွင် ခရီးဆက်ရာ၌ မိုးလေများနှင့်ဆုံခြင်း၊ ရွှံ့ညွန်နှင့် ကြမ်းတမ်းစိုစွတ်သောခရီးကြမ်းတို့ကြောင့် ဘုရားရှင်ထံ ရွှံ့နှစ်ညွန်စေးညစ်ကြေးများ စွဲကပ်နေသော သင်္ကန်းများဖြင့်ရောက်ရှိလာခဲ့သည်။ ထိုအခါ ဘုရားရှင်က သနားတော်မူလှသဖြင့် ကထိန်သင်္ကန်းခင်းလှူခြင်းကို ခွင့်ပြုတော်မူခဲ့ရာမှ ယနေ့တိုင် ကထိန်ပွဲတော်များကျင်းပလာကြခြင်းဖြစ်ပါသည်။

ကထိန်သင်္ကန်းလှူဒါန်းမှုနှင့်ပတ်သက်ပြီးဆိုရလျှင် ရဟန်းသံဃာတော်များသည် မိဘကိုသော်မှ လည်းကောင်း ဒါယကာ၊ ဒါယိကာမများကိုသော်မှလည်းကောင်း နှုတ်မှမြွက်၍ ကထိန်သင်္ကန်းကို အလှူမခံအပ်ပေ။ သူ့အလိုလို သဒ္ဓါတရားဖြစ်ပေါ်၍လှူသော ကထိန်သင်္ကန်းကိုသာ အလှူခံခွင့်ရှိသည်။ ကထိန်သင်္ကန်းကပ်လှူခွင့်သည် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လတာအချိန်ကာလအတွင်းသာ လှူဒါန်းခွင့်ရှိသောကြောင့် လှူဒါန်းလိုက်သောအလှူသည် ကာလဒါနအလှူမြောက်ပေသည်။ ထို့ပြင် ကထိန်သင်္ကန်းသည် တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက်၊ တစ်ရက်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်းကို တစ်ကြိမ်သာလျှင် လှူခွင့်ရှိသည်။ ကထိန်သင်္ကန်းကို ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးမပျက်ဘဲ ပဝါရဏာပြုသော ရဟန်းသံဃာတော်များသာ ခံယူခွင့်ရှိကြပြီး ကထိန်သင်္ကန်း၏ အကျိုးငါးပါးကိုလည်း ခံစားခွင့်ရကြသည်။

ကထိန်သင်္ကန်းကပ်လှူခံရသည့် ရဟန်းတော်တို့တွင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့ထိ ငါးလတိုင် ဘုရားရှင်ခွင့်ချက်ပြုသော အကျိုးငါးမျိုးကိုရရှိသည်။ ယင်းအကျိုးငါးမျိုးမှာ (၁) ထင်ရှားရှိသောရဟန်းကို မပန်ကြားဘဲ မြို့တွင်း၊ ရွာတွင်း ဆွမ်းစားဖိတ်ရာအိမ်သို့ သွားနိုင်ခြင်း၊ (၂) အဓိဋ္ဌာန်တင်ထားသောသင်္ကန်းကိုမယူဆောင်ဘဲ လွတ်လပ်စွာသွားနိုင်ခြင်း၊ (၃) ရလာသမျှသင်္ကန်းတို့ကို ဆင်မြန်းနိုင်ခြင်း၊ (၄) မအပ်သောဖိတ်ခြင်းရှိသော ဂဏဘောဇဉ်ကို ဘုဉ်းပေးနိုင်ခြင်း၊ (၅) ကထိန်ခင်းရာကျောင်းတိုက်အတွင်း၌ ဖြစ်ပေါ်လာသော သံဃိကသင်္ကန်းများကို ကထိန်ခင်းသော ရဟန်းတို့သာ သုံးစွဲနိုင်ခြင်းတို့ဖြစ်ပါသည်။ ထို့ပြင် ကထိန်သင်္ကန်းလှူဒါန်းသူ အလှူရှင်များ၌လည်း (၁) သွားလေရာရာအရပ်တို့၌ ဘေးအန္တရာယ်ကင်းစွာသွားရခြင်း၊ (၂) မိမိပိုင်ပစ္စည်းများကို ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း၊ (၃) စားကောင်းသောက်ဖွယ်အထူးပေါများ၍ အစားအတွက်ဘေးမဖြစ်ခြင်း၊ (၄) မိမိပိုင်ပစ္စည်းများ ကာလကြာမြင့်စွာမေ့လျော့နေသော်လည်း မဆုံးရှုံးခြင်း၊ (၅) ဥစ္စာပစ္စည်းများ အစုလိုက်အပုံလိုက်ရခြင်း၊ (၆) အဆင်းလှခြင်းဟူသော အကျိုးတရားများကို ခံစားရရှိမည်ဖြစ်ပေသည်။

ယနေ့ခေတ်တွင် ကထိန်ပွဲတော်များကို လူအများစုပေါင်း၍ ကထိန်သင်္ကန်းအပြင် လှူဒါန်းဖွယ်ရာပစ္စည်းတို့ကို ပဒေသာပင်သီး၍ ကျောင်းတိုက်များဆီသို့ စုဝေးပို့ဆောင်လှူဒါန်းကြလေ့ရှိပါသည်။ ကထိန်အာနိသင်အကျိုးများသည် အလွန်မွန်မြတ်ပြီး အကျိုးကြီးမားလှသည့် ကာလဒါနကထိန်သင်္ကန်းအလှူပွဲတော်များကို တတ်စွမ်းသရွေ့ပါဝင်နွှဲပျော်ကြပါရန် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းအပေါင်းတို့ကို တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဆွေးနွေးပွဲတက်ရောက်ရန် တရုတ်နိုင်ငံ ကူမင်းမြို့သို့ထွက်ခွာ



**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ စစ်ချွမ်းပြည်နယ် ချန်သူးမြို့တွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာချစ်ကြည်ရေးမြို့များ၏ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက မန္တလေးမြို့မှ တရုတ်နိုင်ငံ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ တက်ရောက်ရန် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ကိုယ်ရေးအရာရှိဦးဝင်းမောင်မောင်တို့လိုက်ပါကြပြီး ကူမင်းမြို့မှ ချန်သူးမြို့သို့ ဆက်လက်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်ထိ ကျင်းပမည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာချစ်ကြည်ရေးမြို့များ၏ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ (2024 Sichuan International Friendship Cities Cooperation and Development Conference)၊ နိုဝင်ဘာ ၁၄ ရက်တွင်ကျင်းပမည့် ညောင်ဦးမြို့နယ် ပုဂံမြို့နှင့် စစ်ချွမ်းပြည်နယ် လဲရှန်းမြို့တို့ကြား ချစ်ကြည်ရေး ညီအစ်မမြို့တော်တည်ထောင်ရေး နားလည်မှုစာချွန်လွှာ(MoU)လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံအစိုးရကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးတို့အတွက် ကျင်းပခြင်းဖြစ်ကြောင်း၊ အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက်တွင် ချန်သူးမြို့မှ လဲရှန်းမြို့သို့ ဆက်လက်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။

**မျိုးကျော်**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၀၂၉၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ယင်းမာပင် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၀၂၉၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၁၃၅၅၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၂၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ကုလားပဲ ဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ကုလားပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၄၉၁ ဧက၊ ကနီမြို့နယ်တွင် ၆၀၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၈၃၈၀၊ ပုလဲမြို့နယ်တွင် ဧက ၉၈၂၀ စုစုပေါင်း ၂၀၂၉၆ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၆၀၄၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၃၆၅၀၀၊ ကနီမြို့နယ်တွင် ၃၈၇၈၃ ဧက၊ ပုလဲမြို့နယ်တွင် ၅၇၁၀၀ ဧက စုစုပေါင်း ၁၃၅၅၇၉ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ၃၀၀၀၀၀ ကျော်ကုန်ကြကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(၂၀၆)**

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း သွေးခုံး ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မြောင်းမြ နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း သွေးခုံး ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်မှ ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ စက်တင်ဘာလအတွင်း သွေးခုံး ပိဿာချိန် ၅၅၀၀၀ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ သွေးခုံး ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် သွေးခုံး ၁၀ ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၀ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အောက်တိုဘာလအတွင်းက သွေးခုံးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့အား ကောင်းခဲ့ပါတယ်။ ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာ သွေးခုံးတွေက ဝယ်ယူမှုများနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက သွေးခုံး ပိဿာချိန် ၅၅၀၀၀ထိပဲ တင်ပို့ရောင်းချခဲ့ရပါတယ်။ အောက်တိုဘာလမှာတော့ ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ နိုဝင်ဘာလထဲမှာလဲ သွေးခုံးတွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်" ဟု မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်နေ ဦးသန်းဝင်းအောင်-ဒေါ်မြယု (သမီး) မအေးချမ်းမြေ့ဟန်မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ နှင့် အောက်ဆီဂျင်စက် တစ်လုံးတို့ကို လှူဒါန်းရာ ရုံးအဖွဲ့မှူး ဦးသန့်ဇင်က လက်ခံရယူစဉ်။

## ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၃၆၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရွှေဘို နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၃၆၃ ကေထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၃၅၁ ကေနှင့် ဖူးစားပြောင်း ၂၂၄၆ ကေ စုစုပေါင်း ၂၅၉၇ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပြောင်းများကို ယခုနှစ် ဩဂုတ်လက စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၁၇ ကေ ရိတ်သိမ်းပြီးစီးပြီး တစ်ကေလျှင် ၅၁ ဒသမ ၃ တင်းနှင့်ဖူးစားပြောင်း ၂၂၄၆ ကေ ရိတ်သိမ်းပြီးစီးပြီး တစ်ကေလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း၂၅၉၇ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။စိုက်ပျိုးထားတဲ့ပြောင်းတွေ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၂၃၆၃ ကေ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးထံမှ သိရသည်။

(၂၀၆)

## ဘားအံမြို့နယ် ပန်းစိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ နိုဝင်ဘာ ၁၂**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းစိန်ကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၁ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပန်းစိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား ၆၄ ဦးကို ရန်ပုံငွေကျပ် ၅၉၅ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုသက်

## ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၆၆ ကေ စိုက်ပျိုးမည်

**ငပုတော နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၆၆ ကေ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၆၆ ကေကို ယခုနှစ် နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆောင်းသီးနှံမတ်ပဲများ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဟိုင်းကြီးကျွန်းမြို့မှာ မတ်ပဲ ၁၀၆၆ ကေ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ မတ်ပဲသီးနှံတွေ လျာထားကေ ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေယာပြုပြင်ခြင်းလုပ်ငန်းတွေအပြင် စတဲ့လိုအပ်တဲ့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲသီးနှံတွေ စနစ်တကျစိုက်ပျိုးဖို့ ဌာနဆိုင်ရာတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဟိုင်းကြီးကျွန်းမြို့မှာ မတ်ပဲသီးနှံအပြင် ဗိုလ်ကိတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲတွေကိုလဲ စိုက်ပျိုးမှာ ဖြစ်ပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် စိုက်ပျိုးရေးဦးစီးဌာနက ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးမည့် ဆောင်းသီးနှံ မတ်ပဲများအပါအဝင် ဆောင်းသီးနှံများ ဖျက်ပိုး မကျရောက်စေရန်နှင့် အထွက်နှုန်း ကောင်းမွန်စေရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# အမတ်ကြီးသိင်္ဃသူ၏ တောင်ဂူနီဘုရားကျောက်စာ

ပုဂံမြို့၏ အရှေ့တောင်ဘက်တွင် ထင်ရှားကျော်ကြားသော ဓမ္မရံကြီးဂူဘုရားရှိသည်။ ဓမ္မရံကြီးဂူဘုရား၏အနောက်ဘက်၌ ဂူနီဘုရားနှစ်ဆူရှိရာ တောင်ဂူနီဘုရားနှင့် မြောက်ဂူနီဘုရားဟု လူသိများသည်။ ဂူနီဘုရားနှစ်ဆူသည် ဓမ္မရံကြီးဂူဘုရား၏ အနောက်တောင်ဘက်တွင် တောင်မြောက်ယှဉ်လျက်တည်ရှိနေကြပြီး တောင်ဘက်ရှိဘုရားကို တောင်ဂူနီ၊ မြောက်ဘက်ရှိဘုရားကို မြောက်ဂူနီဘုရားဟု ခေါ်ဆိုကြသည်။

မြောက်ဂူနီဘုရားကို ပုဂံခေတ်နှောင်းပိုင်း ဘုရင်တစ်ပါးဖြစ်သည့် နရသိင်္ဃဥဇ္ဇနာမင်း၏ မိဖုရားဖြစ်သည့် ဖွားစောက ခရစ်နှစ် ၁၂၄၁ ခုနှစ်တွင် တည်ခဲ့ပြီး တောင်ဂူနီဘုရားကို ပုဂံခေတ်အလယ်ပိုင်းတွင် နရပတိစည်သူမင်းကြီး၏ အမတ်ကြီးသိင်္ဃသူက ခရစ်နှစ် ၁၁၉၀ ပြည့်နှစ်တွင် တည်ထားခဲ့သည်။

မြန်မာသမိုင်းကျမ်းများတွင် အမတ်ကြီးသိင်္ဃသူ၏အမည်သည် ပေါ်လွင်ထင်ရှားခြင်းမရှိသော်လည်း ကျောက်စာ အထောက်အထားအရ တောင်ဂူနီဘုရားကိုတည်ခဲ့ကြောင်း သိရှိရပေသည်။ နရပတိစည်သူမင်းကြီး၏အမတ်ကြီးသိင်္ဃသူသည် မိမိ၏အလှူကျောက်စာကို ကမ္ပည်းရေးထိုး၍ တောင်ဂူနီဘုရားအတွင်း၌ စိုက်ထူခဲ့ပြီး ကျောက်စာအမည်ရေးထိုးထားခြင်းမရှိသဖြင့် တောင်ဂူနီဘုရားကျောက်စာဟု အမည်ပေးခဲ့သည်။

**နရပတိစည်သူမင်းလက်ထက်ပုဂံ**

တောင်ဂူနီဘုရားအလှူရှင် သိင်္ဃသူသည် နရပတိစည်သူမင်းလက်ထက်က အမတ်ကြီးဖြစ်ကြောင်း တောင်ဂူနီဘုရားကျောက်စာ ရှေ့မျက်နှာ စာကြောင်းရေတစ်နှင့်နှစ်တွင် ရေးထိုးထားသည့် စာကြောင်းများအရသိရှိရသည်။ ထိုစာကြောင်းများကို မျက်မှောက်ခေတ်သုံး မြန်မာအက္ခရာဖလှယ်လျှင် "ဩိတြိဘဝနာဒိတျပဝရ ဓမ္မရာဇာမင်းကြီး အမတ်ကြီးသိင်္ဃသူရ်မည်သော ဒါယကာ"ဟု ဖတ်ရှုရသည်။

နရပတိစည်သူသည် ပုဂံမင်းဆက် ၄၉ ဆက်မြောက်ဘုရင်ဖြစ်ကြောင်း တွင်းသင်းမဟာရာဇဝင်သစ်တွင်ဖော်ပြသည်။ ပုဂံကျောက်စာများတွင် စည်သူ(ဇေယသူရ)ဘွဲ့ကိုရေးထိုးသည့် ဘုရင်အမည်များရှိခဲ့သည်။ ပုဂံမင်းဆက်တွင် စည်သူသုံးပါးပေါ်ထွန်းခဲ့သဖြင့် ထိုဘုရင်သုံးပါးကို သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ပထမစည်သူ၊ ဒုတိယစည်သူနှင့် တတိယစည်သူဟု ခွဲခြားခဲ့သည်။

ပထမစည်သူသည် အလောင်းစည်သူ(သက္ကရာဇ် ၄၇၅-၅၂၅) (အေဒီ ၁၁၁၃-၁၁၆၃)၊ ဒုတိယစည်သူသည် နရပတိစည်သူ (သက္ကရာဇ် ၅၂၇-၅၇၃) (ခရစ်နှစ် ၁၁၆၅-၁၂၁၁)၊ တတိယစည်သူသည် နရသီဟပတေ့(သက္ကရာဇ် ၆၁၈-၆၄၉) (ခရစ်နှစ် ၁၂၅၆-၁၂၈၇)ဖြစ်သည်။ ကျောက်စာတွင် စည်သူအမည်ကိုတွေ့ရှိလျှင် ကျောက်စာရေးထိုးသည့်မြန်မာသက္ကရာဇ်ကိုတွက်၍ ဘုရင်အမည်ကိုဖော်ထုတ်ရပေသည်။

နရပတိစည်သူမင်းကို ၁၁၅၀ ပြည့်နှစ် အောက်တိုဘာ ၈ ရက်တွင် ပုဂံဘုရင်နရသူနှင့် မြောက်ပြင်သည် မိဖုရားတို့က ဖွားမြင်ခဲ့ပြီး အသက် ၁၅ နှစ်အရွယ်၊ ခရစ်နှစ် ၁၁၆၅ ခုနှစ်တွင် ခမည်းတော်နရသူမင်း၏ ပုဂံထီးနန်းအရိုက်အရာကို ဆက်ခံခဲ့သည်။ ဘွဲ့အမည်သည် တောင်ဂူနီဘုရားကျောက်စာတွင် ရေးထိုးထားသည့်အတိုင်း "ဩိတြိဘဝနာ ဒိတျပဝရဓမ္မရာဇာ" ဖြစ်သည်။

သမိုင်းပညာရှင် ဒေါက်တာတိုးလှက နရပတိစည်သူသည် အရိမဒ္ဒနပူရအမည်မှ မြန်မာနိုင်ငံဟု နယ်နိမိတ်နှင့်တကွ အဦးအစ ကြေညာနိုင်ခဲ့သော ဘုရင်ဖြစ်ကြောင်း ဓမ္မရာဇိကကျောက်စာကိုကိုးကားပြီး သုံးသပ်ခဲ့ကာ နရပတိစည်သူသည် နိုင်ငံအနှံ့ ဖောင်ဖြင့်လှည့်လည်ခဲ့သဖြင့် အလောင်းစည်သူနှင့် ရောထွေးမှတ်သားမိကြကြောင်း ရေးသားခဲ့သည်။

နရပတိစည်သူမင်းသည် အနော်ရထာ၊ ကျန်စစ်သားနှင့် အလောင်းစည်သူတို့လက်ထက်က ရှိခဲ့သည့် နိုင်ငံအကျယ်အဝန်းကို ထိန်းသိမ်းပြီး ပိုမိုကျယ်ပြန့်အောင်ထူထောင်နိုင်ခဲ့သည်။

ပုဂံမင်းဆက်ရာဇဝင်သစ်အရ နရပတိစည်သူမင်းသည် နန်းတက်ပြီးမကြာမီကာလ၌ ဆည်မြောင်းတာတမံတည်ဆောက်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်ဟုဆိုသည်။ ခရစ်နှစ် ၁၁၆၈ ခုနှစ် ဧပြီ ၁၅ ရက်တွင် နရပတိစည်သူမင်းကြီးကိုယ်တိုင် ဦးဆောင်တူးဖော်ခဲ့ကြောင်းနှင့် မဟာဒါန်လယ်များကိုလှူဒါန်းကြောင်း၊ ဆည်ရေသောက်လယ်များကို ရေပေးနိုင်ရန် တူးမြောင်းများတူးခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဆည်မြောင်းစိုက်ပျိုးရေးစနစ်သည် ပုဂံခေတ်ဦးကပင်ရှိခဲ့သော်လည်း အနော်ရထာဘုရင်လက်ထက်တွင် ပိုမိုစနစ်ကျလာဖွယ်ရှိသည်ဟုဆိုသည်။ နရပတိစည်သူမင်းလက်ထက်တွင် ပိုမိုတိုးတက်ခဲ့ကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်သဖြင့် လယ်မြေများ တိုးပွားခဲ့သည်။ ပုဂံခေတ်တွင် ထင်ရှားသည့် မြောင်းကြီးခေါ် ဇီးတော်မြောင်းကို နရပတိစည်သူမင်းလက်ထက်တွင် တူးဖော်ခဲ့သည်။

စူဠာမဏိစေတီကို နရပတိစည်သူမင်းက ခရစ်နှစ် ၁၁၈၃ ခုနှစ်တွင်တည်ခဲ့ကာ ကျောက်စာမှတ်တမ်းကို ဘုရားကြီးမြောက်ဘက် ဆင်းတုတော်နှင့် မျက်နှာချင်းဆိုင်ရှိ နံရံအနီးတွင် စိုက်ထူခဲ့သည်။ နရပတိစည်သူမင်းသည် ကန်တော့ပလ္လင်ဂူဘုရားကို ခရစ်နှစ် ၁၂၀၃ ခုနှစ်တွင် စတင်တည်ခဲ့သော်လည်း အပြီးမသတ်နိုင်ခဲ့သဖြင့် သားတော် နားတောင်းများက ဘုရင်ဖြစ်လာချိန်တွင် ဆက်လက်တည်ခဲ့ရာ ခရစ်နှစ် ၁၂၂၆ ခုနှစ်တွင် ပြီးစီးခဲ့သည်။

**တောင်ဂူနီဘုရားကျောက်စာ**

ပုဂံရှိ တောင်ဂူနီဂူဘုရားသည် ကြီးမားသော နှစ်ထပ်လိုဏ်ဘုရားဖြစ်ကာ ၁၂ ရာစုတွင်တည်ဆောက်ခဲ့သည့်လက်ရာဖြစ်သည်။ တောင်ဂူနီ၏ ပုဂံဘုရားမှတ်ပုံတင်စာရင်းအမှတ်သည် (၇၆၅)ဖြစ်သည်။



အမတ်ကြီးသိင်္ဃသူရေးထိုးခဲ့သော ကျောက်စာကိုတွေ့ရှိခဲ့သည့် တောင်ဂူနီဘုရား

တောင်ဂူနီဘုရားကျောက်စာကို တောင်ဂူနီဘုရားအတွင်းမှတွေ့ရှိခဲ့ပြီး ယခုအခါတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျောက်စာတိုင်အမှတ် (၅၄) အဖြစ် ထိန်းသိမ်းထားသည်။ ထိုကျောက်စာကို ရှေးဟောင်းသုတေသနဦးစီးဌာန (ယခုရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)၊ ကမ္ပည်းကျောက်စာဌာနခွဲမှ သုတေသနလက်ထောက် ဦးငြိမ်းမောင်ကကူးယူ၍ ၁၉၇၂ ခုနှစ်က ထုတ်ဝေခဲ့သည့် ရှေးဟောင်းမြန်မာကျောက်စာများ(ပဌမတွဲ)တွင်ထည့်သွင်းဖော်ပြခဲ့သဖြင့် သုတေသီများ ဖတ်ရှုလေ့လာနိုင်ခဲ့ကြသည်။

တောင်ဂူနီဘုရားကျောက်စာသည် နှစ်မျက်နှာထိုးကျောက်စာဖြစ်၍ ရှေ့မျက်နှာတွင် စာကြောင်း ၃၁ ကြောင်းနှင့် ကျောဘက်မျက်နှာတွင် စာကြောင်း ၃၂ ကြောင်း ရေးထိုးထားသည်။

ကျောက်စာပါ ခုနှစ်အရ သက္ကရာဇ် ၅၅၂ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ သောကြာနေ့တွင် တောင်ဂူနီဘုရားကို ဌာပနာပြုခဲ့သည်။ တောင်ဂူနီဘုရားနှင့်အတူ ပိဋကသုံးပုံ၊ သင်္ကန်းအစုံ ၁၂၀၊ စည်သည်နှင့် ပတ်သာသည်များ၊ လယ်ပယ် ၂၀၀ နှင့် ကျွန် ၁၀၀ ကိုလှူခဲ့သည်။

ဌာပနာပြုသည့် အလှူရက်တွင် သံဃာရှစ်ပါးကို ပင့်ဖိတ်၍ ပရိတ်ရွတ်ဖတ်ခဲ့ပြီး ပရိတ်ရွတ်သည့်သံဃာများ၏ ဘွဲ့မည်များကို မှတ်တမ်းတင်ထားရာ သခင်မဟာထေရ်၊ ပဇ္ဇုရ်ဗောဓိ၊ သခင်ကုဏာသေယ်၊ သခင်အင်္ဂိရ်၊ သခင်မဟာပဏ္ဍိတ် သခင်အက်၊ သခင်ဓမ္မဂမ္ဘီရ်၊ သခင်ဓမ္မဂုရု၊ သခင်ဓမ္မနန္ဒီ၊ သခင်နဂါဟု ဖော်ပြ၍ ဤသခင်ရှစ်ယောက်ဟု ကျောက်စာတွင်ပြဆိုခဲ့သည်။

အမတ်ကြီးသိင်္ဃသူသည် သံသရာဆင်းရဲမှ ကုန်ရာဖြစ်သော သဗ္ဗညုဘုရားအဖြစ်ကို အလိုရှိသောကြောင့် လှူဒါန်းကြောင်း၊ ဘုရားမဖြစ်မီ ဘဝများတွင် စည်းညွှင်းဖြင့်နိုးထသည့် စည်းစိမ်ကိုအလိုရှိသဖြင့် ပန်တျာသည်၊ စည်သည်၊ ပတ်သာသည် အစရှိသော အနုပညာသည် ၂၃ ယောက်ကို လှူဒါန်းကြောင်း၊ မွတ်သိပ်သောဆင်းရဲကို မလိုသောကြောင့် ကျောင်းနေသံဃာများကို လှူဒါန်းကြောင်း၊ ရမ္မက်ကျွန်အဖြစ်မှ တော်လှန်လိုသောကြောင့် ကျွန် ၁၀၀ လှူကြောင်းတို့ကိုရေးထိုးခဲ့သည်။ အမတ်ကြီးသိင်္ဃသူရေးထိုးခဲ့သည့်ကျောက်စာတွင် ဆုတောင်းစာများပါရှိသော်လည်း ကျိန်စာများမပါရှိချေ။

**အမတ်ကြီး၏ ဆန္ဒသုံးရပ်**

အမတ်ကြီး သိင်္ဃသူသည် ဘုရားဆုကိုပန်ကာ ဂူဘုရားကိုတည်ဆောက်လှူဒါန်းခဲ့ရာတွင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဦးထိပ်ထားကာ အလှူဒါနကိုပြုခဲ့ကြောင်း တွေ့ရှိနိုင်သည်။ ဘုရားအတွက်လှူသော ဂူဘုရား၊ ပန်တျာသည်များ၊ လယ်များ၊ ကျွန်များ၊ တရားအတွက်လှူသော ပိဋကသုံးပုံ၊ သံဃာအတွက်လှူသော သင်္ကန်းများဟု ပိုင်းခြားနိုင်မည်ဖြစ်သည်။

အမတ်ကြီးသည် ဆန္ဒသုံးရပ်ပြည့်စုံစေရန် ရည်ရွယ်လျက် အလှူသုံးမျိုးကို လှူဒါန်းခဲ့ခြင်းဖြစ်ရာ အမတ်ကြီး၏ ပထမဆန္ဒသည် ပဉ္စင်တူရိယာ(တူရိယာငါးပါး)တွင်ပါဝင်သည့် စည်းညွှင်းဖြင့် အိပ်ရာမှနိုးထလိုခြင်းဖြစ်သည်။ ထို့ကြောင့် ထိုစည်းစိမ်ကိုပေးနိုင်သည့် ဂီတအဖွဲ့ ၂၃ ဦးကိုလှူဒါန်းရာ စည်သည်၊ ပတ်သာသည်၊ ခွက်ခွင်းသည်၊ ကုလားပန်တျာသည်နှင့် မြန်မာပန်တျာသည်များပါဝင်ခဲ့သည်။

အမတ်ကြီး၏ ဒုတိယဆန္ဒသည် မွတ်သိပ်သောဆင်းရဲကို မလိုလားခြင်း(တစ်နည်း) စားရမဲ့သောက်ရမဲ့ဘဝမျိုးကို မရလိုခြင်းဖြစ်သည်။ ထို့ကြောင့် အဓိကစားဖွယ်ဖြစ်သည့် စပါးနှင့် ဆန်ပြည့်စုံစေရန် လယ်ပယ် ၂၀၀ ကို ဂူဘုရားသို့ လှူခြင်းဖြစ်သည်။

အမတ်ကြီး၏ တတိယဆန္ဒသည် ရမက်ဟုခေါ်ဆိုသည့် လောဘ၏ကျေးကျွန်အဖြစ်မှ တော်လှန်လွတ်မြောက်လိုခြင်းဖြစ်သည်။ ထို့ကြောင့် မိမိလှူဒါန်းထားသည့် ဘုရားနှင့်သံဃာတော်တို့၏ အမှုကိစ္စများကို ဆောင်ရွက်ပေးရန် ကျွန် အယောက် ၁၀၀ ကိုလှူခြင်းဖြစ်ပေသည်။

အမတ်ကြီး၏အလှူသုံးရပ်ကို ခွဲခြမ်းစိတ်ဖြာပါက ပထမဆန္ဒအတွက်အလှူသည် စည်းစိမ်ချမ်းသာကို ခံစားလိုသည့် အလှူ၊ ဒုတိယဆန္ဒအတွက် အလှူသည် ငတ်မွတ်ခြင်းကိုအလိုမရှိသည့် ဒါနအလှူ၊ တတိယဆန္ဒအတွက်အလှူသည် ဘုရားဖြစ်ရပါလိုကြောင်းဆုပန်မှုနှင့်အတူ ရမ္မက်ကျွန် မဖြစ်လိုသည့် အလှူဖြစ်သည်။ ထိုအလှူသုံးခုကို မြတ်သောအလှူ၊ ပို၍မြတ်သောအလှူနှင့် အမြတ်ဆုံးအလှူဟုခွဲခြားနိုင်ကြောင်း ရန်ကုန်အဝေးသင်တက္ကသိုလ် ပို့ချချက်တွင်သုံးသပ်တင်ပြထားသည်။

**ကျောက်စာရေးထိုးဟန်**

အမတ်ကြီးသိင်္ဃသူသည် မိမိ၏သခင် နရပတိစည်သူမင်းကြီး၏ဘွဲ့အမည် "ဩိတြိဘဝနာဒိတျပဝရ ဓမ္မ ရာဇာ"ကို အဖွင့်ဝါကျတွင် ဖော်ပြပြီးမှ မင်းကြီး၏အမတ်ဖြစ်သော မိမိအမည်ကို ဒါယကာဟူသည့် ဝေါဟာရနှင့်တွဲကာ ဖော်ပြခဲ့သည်။ ထို့နောက် သံသရာဆင်းရဲမှကုန်ရာဖြစ်သော သဗ္ဗညုဘုရားအဖြစ်ကိုအလိုရှိကြောင်း မိမိဆန္ဒကို ဖော်ပြခဲ့သည်။

ဂူဘုရားဌာပနာပြုလှူဒါန်းမှုပြုလုပ်သည့် ခုနှစ်၊ လ၊ ရက်နှင့်အချိန်ကိုရေးပြီး အလှူအခမ်းအနားတွင် ပရိတ်ရွတ်သည့် သံဃာတော်ရှစ်ပါး၏ အမည်များကို မှတ်တမ်းတင်ခဲ့သည်။ ဆက်လက်၍ သင်္ကန်းအစုံ ၁၂၀ လှူဒါန်းမှုနှင့် အနုပညာသည် ၂၃ ဦးလှူဒါန်းမှုကိုဖော်ပြကာ ထိုပုဂ္ဂိုလ် ၂၃ ဦး၏ အမည်များကို ဖော်ပြထားသည်။ ပြီးမှ ဆုတောင်းနှင့် အလှူပစ္စည်းများကိုဖော်ပြသည်။ ကျောက်စာကျောဘက်မျက်နှာတွင် လှူဒါန်းသည့်ကျွန်များ၏ အမည်ကို ရေးထိုးထားသည်။

တောင်ဂူနီဘုရားကျောက်စာတွင် ပါဠိသက်ဝေါဟာရများကို အသုံးပြုထားရာ ဒါယကာ၊ သဗ္ဗညု၊

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၄၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၄၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၃၅၆၅ဧကနှင့် ဖူးစားပြောင်း ၁၆၁၃ ဧက စုစုပေါင်း ၅၁၇၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၄၂၄ ဧကနှင့် ဖူးစားပြောင်း ၇၁ ဧက စုစုပေါင်း ၁၄၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၅၁၇၈ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၄၉၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့်ချင်း၊ ငရုတ်ပိုးသတ်ဆေးအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ခန့် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ရမ္မက်ကျွန်၊ သံသရာ၊ ပန်တျာစသည့် ဝေါဟာရများသည် မျက်မှောက်ခေတ်ထိ အသုံးတွင်နေဆဲစကားလုံး များဖြစ်ကြသည်။ ထို့အတူ မြန်မာစာပေအရေးအသားတွင် ယခုတိုင်သုံးနေဆဲဖြစ်သည့် အမတ်ကြီး၊ သတ္တရာဇ်၊ တန်ဆောင်မုန်း၊ သောကြာ၊ ဌာပနာ၊ ပရိတ်၊ ပိဋကတ်၊ သင်္ကန်း၊ တူရိယာ၊ သဘင်၊ ပညာ၊ ရဟန္တာ စသည့်စကားလုံးများကို တွေ့ရှိရသဖြင့် ပုဂံခေတ်စာပေအရေးအသားပုံစံတချို့ကို လေ့လာနိုင်ကြပေသည်။

တောင်ဂူနီဘုရားကျောက်စာသည် ရာဇကုမာရ်ကျောက်စာရေးထိုးပြီး ၇၈ နှစ်အကြာတွင်ရေးထိုးခဲ့သည့် ကျောက်စာဖြစ်သည်။ အမတ်ကြီးသိဃ်သူ ကျောက်စာရေးထိုးချိန်တွင် မြန်မာစာအရေးအသားနှင့် ဝေါဟာရအသုံးပြုမှုသည် ရာဇကုမာရ် ကျောက်စာရေးထိုးချိန်ထက် ပိုမိုတိုးတက်နေပြီဖြစ်ကြောင်း မြန်မာစာပေပညာရှင်များက ယူဆကြသည်။

ပုဂံခေတ်အလယ်ပိုင်းကာလတွင်ရေးထိုးခဲ့သည့် တောင်ဂူနီဘုရားကျောက်စာသည် စီစဉ်တင်ပြပုံကောင်းမွန်ပြီး ကြောင်းကျိုးပြဝါကျရှည်များကို အသုံးပြုထားသည်။ အလျှုတစ်ခုစီကို ကြောင်းကျိုးပြဝါကျတစ်ခုစီဖြင့် ရေးသားထားသည်။ ဝါကျများက ရှည်လျားသော်လည်း ရှင်းလင်းစွာနားလည်နိုင်သဖြင့် ကျောက်စာရေးထိုးသည့်ကာလတွင် မြန်မာစာရေးသားမှု တိုးတက်ကောင်းမွန်နေပြီဟု ခန့်မှန်းနိုင်သည်။

ထို့ကြောင့် တောင်ဂူနီဘုရားကျောက်စာသည် အစီအစဉ်တင်ပြပုံကောင်းသော ကျောက်စာဖြစ်ကြောင်းနှင့် ရတနာသုံးပါးဆိုင်ရာအလှူများကို လိုအပ်သောဆု၊ ဖြစ်လိုသောဆန္ဒများ ပြည့်စုံအောင်တင်ပြနိုင်သည့် ကျောက်စာတစ်ချပ်ဖြစ်ကြောင်း အဝေးသင်တက္ကသိုလ်ကျောင်းသားများကို ပို့ချပေးလျက်ရှိပေသည်။

**ကိုးကား**

- **ပုဂံခေတ် မြန်မာနိုင်ငံသမိုင်း(ဒေါက်တာတိုးလှ)**
- **ပုဂံဆက်(ဒေါက်တာသန်းထွန်း)**
- **ပုဂံမင်းဆက်ရာဇဝင်သစ်(တင်နိုင်တိုး)**
- **မြန်မာကျောက်စာရွေးချယ်ချက်နှင့်ပို့ချချက် (ရန်ကုန်အဝေးသင်တက္ကသိုလ်)**

**မောင်သာ(ရှေးဟောင်းသုတေသန)**

## ပုသိမ်ဆိပ်ကမ်း

- သဘော်အူအူ ပွဲဆူဆူနှင့်
  လှေမူကျွိကျွိ လှိုင်းအိအိဝယ်
  မြည်သည့်အသံ တေးသို့ညံသည်
  ငဝန်မြစ်ဆိပ် အုန်းညိုရိပ်။

- အုန်းလက်ပေါလော ဒိုက်သရောနှင့်
  လွင့်မျောဇေဒါ ပွင့်ညိုပြာတို့
  စုန်ကာတချို့ ဆန်တချို့နှင့်
  မှိုင်းညို့ရေဝယ် ပိတ်ဆီးကွယ်လျက်
  လှေငယ်လှေကြီး အသီးသီးတို့
  မငြီးမဖင် ခရီးနှင်လျက်
  ဤတွင်ဆုံကြ ပေါင်းကူးကြ၏။

- မြစ်၏ဝဲယာ ကမ်းစပ်မှာလျှင်
  ခံ့စွာတည်လျက် စပါးစက်တို့
  လွှင့်ထွက်မီးခိုး မြစ်ကိုမိုး၍
  ထိနိုးနဘံ ကောင်းကင်ယံထိ
  လွင့်ပျံသောသော သာတင့်မော၏။

- သြော်...ဆည်းဆာနေညို ဖျိုင်းအုပ်ပြို၍
  တိမ်ညိုမိုလ္လာ တိမ်သန္တာတို့
  မှိုင်းပြာနဲ့ဘိ လဲ့လဲ့အိသော်
  အမိနို့အား စို့သောသားသို့
  မျှားလှသွယ်သွယ် ရေယာဉ်ငယ်တို့
  ကမ်းဝယ်ဆိုက်ကပ် တန့်ရပ်နားနေ
  ပန်းဖြေကြတုန်း မှောင်ရိပ်ဖုံးလျှင်
  ကုန်းမြင့်သာမော ရွှေမုဋ္ဌောမှ
  လွင့်မျောဝဲပျံ ဆည်းလည်းသံလျှင်
  မြစ်ယံကိုထွေး လွှမ်းခြုံပေးသော်
  ငြိမ်းအေးသာယာ ကြယ်ညီလာနှင့်
  လဝါရွှန်းထိန် လှိုင်းရိပ်ငြိမ်သည်
  ပုသိမ်ဆိပ်ကမ်း လွှမ်းစဖွယ်။ ။

မြင်းမူမောင်နိုင်မိုး

## နိုင်ငံတကာ သတင်းများ

# ဒေါ်နယ်ထရန့်အစိုးရ၏ နိုင်ငံခြားရေးဝန်ကြီးရာထူး အထက်လွှတ်တော်အမတ် မာကိုရူဘီယို ရရှိနိုင်

**ဝါရှင်တန် နိုဝင်ဘာ ၁၂**

နိုဝင်ဘာ ၅ ရက် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိထားသော ရီပတ်ဘလီကန်သမ္မတလောင်းဒေါ်နယ်ထရန့်သည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးသစ်အဖြစ် အမေရိကန်အထက်လွှတ်တော်အမတ် မာကိုရူဘီယိုကို ရွေးချယ်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၁၁ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဒေါ်နယ်ထရန့်၏ ရွေးချယ်မှုကို အတည်ပြုနိုင်ခဲ့ပါက မာကိုရူဘီယိုသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရာထူးရရှိမည့်ပထမဆုံးလက်တင်အမေရိကန္ဘယ်ဖွားအမေရိကန်နိုင်ငံသားဖြစ်လာလိမ့်မည်ဖြစ်သည်။

အထက်လွှတ်တော်အမတ် မာကိုရူဘီယိုသည် တရုတ်၊ အီရန်၊ ကျူးဘားနိုင်ငံတို့နှင့်ပတ်သက်၍ တင်းမာသည့် နိုင်ငံခြားရေးမူဝါဒကျင့်သုံးရေးကို လိုလားသူတစ်ဦးဖြစ်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးရာထူးကို မာကိုရူဘီယိုရယူနိုင်သည်ဟူသောသတင်းများနှင့် ပတ်သက်၍ ဒေါ်နယ်ထရန့်နှင့် မာကိုရူဘီယိုတို့က တစ်စုံတစ်ရာ တုံ့ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

ရွေးကောက်ပွဲအနိုင်ရ သမ္မတလောင်းဒေါ်နယ်ထရန့်သည် ၎င်း၏ အမျိုးသားလုံခြုံရေး အကြံပေးအဖြစ် ရီပတ်ဘလီကန်အောက်လွှတ်တော်အမတ် မိုက်ခ်ဝေါ့ဇ်ကို ရွေးချယ်ထားပြီးဖြစ်သည်။

နိုဝင်ဘာ ၅ ရက် ရွေးကောက်ပွဲရလဒ်အရ အနိုင်ရသမ္မတလောင်း ဒေါ်နယ်ထရန့်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဇက်-၂၀ ဂျေအမျိုးအစားရဟတ်ယာဉ်သစ် ကျူဟိုင်းလေကြောင်းပြပွဲ၌ တရုတ်နိုင်ငံပြသ




**ပေကျင်း နိုဝင်ဘာ ၁၂**

တရုတ်နိုင်ငံ ကွမ်တုန်းပြည်နယ် ကျူဟိုင်းမြို့၌ ကျင်းပနေသည့် တရုတ် နိုင်ငံတကာလေကြောင်းပြပွဲ၌ တရုတ်တပ်မတော်၏ ဇက်-၂၀ ဂျေအမျိုးအစား စစ်သုံးရဟတ်ယာဉ်ကို ထည့်သွင်းပြသထားသည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အဆိုပါဇက်-၂၀ဂျေအမျိုးအစားရဟတ်ယာဉ်သည် တရုတ်ရေတပ်အတွက် ဇက်-၂၀ အမျိုးအစားရဟတ်ယာဉ်များကိုအဆင့်မြှင့်တင်မွမ်းမံထားသည့် တိုက်ခိုက်ရေးရဟတ်ယာဉ် အမျိုးအစားဖြစ်သည်။

ဇက်-၂၀ ဂျေ ရဟတ်ယာဉ်များသည် တရုတ်ရေတပ်၏ ရေငုပ်သင်္ဘောအန္တရာယ် ကာကွယ်ရေးစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

တရုတ်နိုင်ငံသည် လက်နက်ကိုင်တပ်များခေတ်မီရေး ရေရှည်စီမံချက်အရ စွမ်းရည်ထက်မြက်သည့် ခေတ်မီရေတပ်သင်္ဘောများကို တိုးချဲ့တည်ဆောက်နေသော်လည်း ယင်းစစ်သင်္ဘောများကို ရေအောက် တိုက်ခိုက်မှုရန်မှ ကာကွယ်ရန် ရှန်းကန်နေရဆဲဖြစ်သည်။

ကျူဟိုင်း နိုင်ငံတကာလေကြောင်းပြပွဲ၌ ပြသထားသည့် ဇက်-၂၀ ဂျေ ရဟတ်ယာဉ်အမျိုးအစားသည် အမေရိကန်ရေတပ်မှ အက်စ်အိတ်ချ်-၆၀ အမျိုးအစား ရေငုပ်သင်္ဘောချေမှုန်းရေးရဟတ်ယာဉ်များနှင့် ပုံစံချင်းတူကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လက်ရှိအချိန်တွင် ဇက်-၂၀ ဂျေ ရဟတ်ယာဉ်များကို အခြေခံ၍ ရေငုပ်သင်္ဘောဖျက် စွမ်းဆောင်ရည် အပြည့်အဝရှိမည့် ဇက်-၂၀ အက်ဖ် ရဟတ်ယာဉ် အမျိုးအစားကို တည်ဆောက်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ပါကစ္စတန်ရောက် တရုတ်နိုင်ငံသားများအတွက် ကိုယ်ပိုင်လုံခြုံရေးစနစ်ထားခွင့်ရရန် တရုတ်နိုင်ငံတောင်းဆို

**အစ္စလာမ်မာဘတ် နိုဝင်ဘာ ၁၂**

ပါကစ္စတန်နိုင်ငံ၌ ရောက်ရှိနေသည့်တရုတ်နိုင်ငံသားရာပေါင်းများစွာတို့၏ လုံခြုံရေးအတွက် ကိုယ်ပိုင်လုံခြုံရေးများ ထားခွင့်ပေးရန် ပါကစ္စတန်နိုင်ငံကို တရုတ်နိုင်ငံက တိုက်တွန်းနေကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကရာချိမြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် ပြုလုပ်ခဲ့သည့်ဆွေးနွေးပွဲများတွင် ပါကစ္စတန်နိုင်ငံရောက် တရုတ်နိုင်ငံသားများအတွက် ကိုယ်ပိုင်လုံခြုံရေးအစီအစဉ်များ ကျင့်သုံးခွင့်ပေးရန် တရုတ်တာဝန်ရှိသူများက တောင်းဆိုထားခြင်းဖြစ်ကြောင်း ပါကစ္စတန်သတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လက ဖြစ်ပွားခဲ့သည့် ကရာချိမြို့ လေဆိပ်ကားဗုံးခွဲတိုက်ခိုက်မှုတွင် အလုပ်ခွင်သို့ပြန်လာသည့် တရုတ်နိုင်ငံသား အင်ဂျင်နီယာနှစ်ဦး သေဆုံးခဲ့ရသည်။

ယင်းတိုက်ခိုက်မှု မတိုင်မီကလည်း ပါကစ္စတန်အနောက်မြောက်ပိုင်းဒေသများ၌ တရုတ်အကျိုးစီးပွားများ ဆက်တိုက်တိုက်ခိုက်ခံခဲ့ရပြီး တရုတ်နိုင်ငံသားအများအပြား သေဆုံးခဲ့ရသည်။

လက်ရှိအချိန်တွင် ပါကစ္စတန်ရောက် တရုတ်နိုင်ငံသားများအတွက် နှစ်နိုင်ငံပူးတွဲလုံခြုံရေးစီမံခန့်ခွဲမှုစနစ် ကျင့်သုံးရေးအတွက် တရားဝင်ဆွေးနွေးပွဲများစတင်ရန် ပါကစ္စတန်နိုင်ငံကို တရုတ်အစိုးရက တွန်းအားပေးနေကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အဆိုပါတောင်းဆိုချက်ကို ပါကစ္စတန်နိုင်ငံက သဘောတူထားခြင်းမရှိသေးဟု ပါကစ္စတန်အစိုးရသတင်းအရင်းအမြစ်များက ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# အေပက်ထိပ်သီးညီလာခံကျင်းပမည့် လီမာမြို့၌ လုံခြုံရေးတင်းကျပ်




**လီမာ နိုဝင်ဘာ ၁၂**

အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးညီလာခံအတွက် ပီရူးအစိုးရက လီမာမြို့၌ နိုဝင်ဘာ ၁၁ ရက်မှစ၍ လုံခြုံရေးတင်းကျပ်ထားကြောင်း သိရသည်။

ယနေ့တွင် စတင်ကျင်းပမည့် အေပက်ထိပ်သီးညီလာခံသို့ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့်တရုတ်သမ္မတရှီကျင့်ဖျင် အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၁ နိုင်ငံတို့မှ ခေါင်းဆောင်များတက်ရောက်ကြမည်ဖြစ်သည်။

အေပက် ထိပ်သီးညီလာခံ လုံခြုံရေးအတွက် ပီရူးအစိုးရသည် ညီလာခံအကြိုနေ့ဖြစ်သည့် နိုဝင်ဘာ ၁၁ ရက်တွင် လီမာမြို့အတွင်းရှိ စာသင်ကျောင်းများ၊ တက္ကသိုလ်များကို ပိတ်ထားပြီး အစိုးရဝန်ထမ်း များကိုလည်း ရုံးမတက်ဘဲ နေအိမ်မှတစ်ဆင့် အလုပ်လုပ်ရန် ညွှန်ကြားထားကြောင်း သိရသည်။

ထို့ပြင် ပီရူးအစိုးရသည် လီမာမြို့တွင်းနှင့်ဝန်းကျင်ဒေသများ၌ ရဲတပ်ဖွဲ့ဝင်နှင့် လက်နက်ကိုင်တပ်ဖွဲ့ဝင် ၁၅၀၀၀ ကျော်ကို ဖြန့်ကြက်ထားကြောင်း သိရသည်။

အေပက် ထိပ်သီးညီလာခံ လုံခြုံရေးအတွက် ပီရူးအစိုးရအနေဖြင့် အသေးစိတ်အစီအမံများ ပြုလုပ်ထားကြောင်း ပီရူးနိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားထားသည်။

အေပက် ထိပ်သီးညီလာခံကာလအတွင်း အထွေထွေသပိတ်ကြီးတစ်ခု ဆင်နွှဲမည်ဟု ပီရူးအလုပ်သမားသမဂ္ဂများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တီဟီရန်မြို့၌ မြေအောက်ဥမင်လမ်း အီရန်တည်ဆောက်နေ

**တီဟီရန် နိုဝင်ဘာ ၁၂**

အီရန်အစိုးရက တီဟီရန်မြို့၌ ရန်သူ့တိုက်ခိုက်မှု ကာကွယ်ရေးမြေအောက် ဥမင်လမ်းတစ်ခုကို တည်ဆောက်နေကြောင်း အီရန်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနိုင်ငံက အီရန်ပြည်တွင်းရှိပစ်မှတ်များကို ပြီးခဲ့သည့်လအတွင်း လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးနောက် အီရန်အစိုးရက တီဟီရန်မြို့၌ ကာကွယ်ရေး မြေအောက်ဥမင်တည်ဆောက်နေခြင်းဖြစ်သည်။

အဆိုပါမြေအောက်ဥမင်လမ်းသည် တီဟီရန်ဘူတာရုံတစ်ခုနှင့် အီမန်ခိုမေနီဆေးရုံတို့ကို ချိတ်ဆက်တည်ဆောက်ထားရာ ယင်းဆေးရုံကို မြေအောက်လမ်းမှတစ်ဆင့် သွားရောက်နိုင်ကြောင်း အီရန်မီဒီယာများ၏အဆိုအရသိရသည်။



တီဟီရန်မြို့ မြေအောက်ဥမင်လမ်းသည် အီရန်နိုင်ငံအတွက် ပထမဆုံးအကြိမ်အဖြစ် တည်ဆောက်ခဲ့သော ကာကွယ်ရေးဥမင်လမ်းဖြစ်သည်။

အစ္စရေးနိုင်ငံသည် အီရန်နိုင်ငံ၏ အောက်တိုဘာ ၁ ရက် ဒုံးကျည်တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အောက်တိုဘာ ၂၆ ရက်တွင် အီရန် ပြည်တွင်းပစ်မှတ်များကို လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

အီရန်နိုင်ငံသည် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုအား လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်နေမှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံကို အောက်တိုဘာ ၁ ရက်တွင် ဒုံးကျည်အစင်းရေ ၂၀၀ခန့်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X အာကာသနည်းပညာကုမ္ပဏီက တောင်ကိုရီးယားနိုင်ငံ၏ ကိုရီးယားဆက်-၆ အေ ဆက်သွယ်ရေးဂြိုဟ်တုကို လွှတ်တင်ပေးခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၁၂**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် တောင်ကိုရီးယားနိုင်ငံ၏ ကိုရီးယားဆက်-၆ အေ ဆက်သွယ်ရေးဂြိုဟ်တုကို နိုဝင်ဘာ ၁၁ ရက်တွင် လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

ကိုရီးယားဆက်-၆ အေ ဆက်သွယ်ရေးဂြိုဟ်တုအား သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၃၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် ကိုရီးယားဆက်-၆ အေ ဆက်သွယ်ရေးဂြိုဟ်တုကို ပဏာမပတ်လမ်းပေါ်သို့ ပို့ပေးနိုင်ခဲ့သည်။

အလေးချိန် ၃ ဒသမ ၉ တန်ရှိ ကိုရီးယားဆက်-၆ အေ ဂြိုဟ်တုသည် ဒုံးကန်အားစနစ်အကူအညီဖြင့် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော် အကွာတွင် တည်ရှိသည့် ပတ်လမ်းပေါ်သို့ ဆက်လက်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယားဆက်-၆ အေ ဆက်သွယ်ရေးဂြိုဟ်တုကို ပြင်သစ်နိုင်ငံအခြေစိုက် သားလက်စ် အယ်လီနီယာစပေ့စ်ကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကိုရီးယားဆက်-၆အေ ဂြိုဟ်တုမစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၀၇ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုတစ်စင်း ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁၂**


အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုတစ်စင်း ကမ္ဘာ့လေထုလွှာအတွင်းပြန်လည်ဝင်ရောက်ခဲ့ကြောင်း နိုဝင်ဘာ ၁၁ ရက်သတင်းများအရ သိရသည်။

စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာမှုကို အမေရိကန်ရှိ ပြည်နယ်လေးပြည်နယ်မှ ဒေသခံပြည်သူများ မြင်တွေ့ခဲ့ကြရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တုသည် နိုဝင်ဘာ ၁၀ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။

ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာသည့် စတားလင့်ခ်ဂြိုဟ်တုမှာ အမှတ်စဉ်-၄၆၈၂ စတားလင့်ခ်ဂြိုဟ်တု ဖြစ်နိုင်ကြောင်း Space-X ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

အမှတ်စဉ်-၄၆၈၂ စတားလင့်ခ်ဂြိုဟ်တုသည် ၂၀၂၂ ခုနှစ်က လွှတ်တင်ခဲ့သော ဂြိုဟ်တု ၅၈ စင်းပါ စတားလင့်ခ်ဂြိုဟ်တုအုပ်စုတွင် ပါဝင်ခဲ့သည့် ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။



Space-X ကုမ္ပဏီသည် ၎င်း၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တုအစင်းရေ ၇၀၀၀ ကျော် လွှတ်တင်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းပေါ်၌ ဆာလ်ဖာဓာတ်ငွေ့ကြွယ်ဝသည့် လေထုလွှာတည်ရှိနေမှုကို သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၁၂**

L 98-59 d အမည်ရှိ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းပေါ်၌ ဆာလ်ဖာဓာတ်ငွေ့ ကြွယ်ဝသည့် လေထုလွှာတည်ရှိနေမှုကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း နိုဝင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။



ဆာလ်ဖာဓာတ်ငွေ့ ကြွယ်ဝသည့် လေထုလွှာတည်ရှိနေမှုကြောင့် L 98-59 d ဂြိုဟ်ပေါ်တွင် မီးတောင်များ ရှိနေနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

L 98-59 d ဂြိုဟ်သည် အရွယ်အစားအားဖြင့် ကမ္ဘာမြေထက် ၁ ဒသမ ၅ ဆ ပိုကြီးမားပြီး ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၃၅ နှစ်အကွာတွင် တည်ရှိသည်။

အဆိုပါဂြိုဟ်တုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ တက်စ်ဂြိုဟ်သစ်ရှာဖွေရေးဂြိုဟ်တုက ၂၀၁၉ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ ၎င်းဂြိုဟ်၏ လေထုလွှာထဲတွင် ဆာလ်ဖာဒိုင်အောက်ဆိုက်နှင့် ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်ဓာတ်ငွေ့များ များပြားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ဆီးချိုရောဂါဆေးသစ်တချို့က ကျောက်ကပ်၌ ကျောက်တည်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိ

**အော့တဝါ နိုဝင်ဘာ ၁၂**

ဆီးချိုရောဂါဆေးသစ်တချို့သည် ကျောက်ကပ်၌ကျောက်တည်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၁ရက်သတင်းများအရသိရသည်။

ကနေဒါ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Canagliflozin နှင့် Dapagliflozin အမည်ရှိဆေးများသည် လူ့ကိုယ်တွင်းရှိ ပိုလျှံနေသော အရည်များကို ဖယ်ရှားပေးခြင်းဖြင့် ကျောက်ကပ်ကဲ့သို့ ကိုယ်တွင်းအင်္ဂါများ လုပ်ငန်းလည်ပတ်မှုကို အားပေးမြှင့်တင်နိုင်ကြောင်း သိရသည်။

Canagliflozin နှင့် Dapagliflozin ဆေးများသည် SGIT-2 ခေါ် ဆီးချိုဆေးအုပ်စုဝင်များ ဖြစ်ကြကြောင်း သိရသည်။

ကနေဒါသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါ ဆေးနှစ်မျိုးသည် ကျောက်ကပ်အင်္ဂါအတွင်း ကျောက်တည်နိုင်ခြေကို ထိရောက်စွာလျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Canagliflozin နှင့် Dapagliflozin ဆေးများကိုသုံးစွဲသည့် ပုံစံ-၂ ဆီးချိုလူနာများ၌ ကျောက်ကပ်တွင် ကျောက်တည်နိုင်ခြေ ပုံမှန်ထက် ၃၀ ရာခိုင်နှုန်း ပိုနည်းသည်ကိုတွေ့ရကြောင်း ကနေဒါ သုတေသန ပညာရှင်များက ပြောကြားသည်။

ကနေဒါ သုတေသနပညာရှင်များသည် ဆီးချိုရောဂါလူနာ ၂၀၀၀၀ ကျော်တို့၏ ဆေးဝါးသုံးစွဲမှုနှင့် ကျန်းမာရေးအခြေအနေများကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## မီးဖွားပြီးနောက် စိတ်ကျဝေဒနာဝင်နိုင်ခြေကို တစ်ပတ်လျှင်တစ်နာရီကျော်လေ့ကျင့်ခန်းလုပ်၍ လျှော့ချနိုင်

**အော့တဝါ နိုဝင်ဘာ ၁၂**

ကလေးမိခင်များအနေဖြင့် မီးဖွားပြီးနောက် စိတ်ကျဝေဒနာဝင်နိုင်ခြေကို တစ်နာရီကျော်ကြာ လေ့ကျင့်ခန်းပြုလုပ်၍ လျှော့ချနိုင်ကြောင်း နိုဝင်ဘာ ၁၁ ရက်သတင်းများအရ သိရသည်။

ကလေးမိခင်များအနေဖြင့် အထိုက်အလျောက်သာ အားစိုက်ရသည့် လေ့ကျင့်ခန်းများကို သီတင်းတစ်ပတ်လျှင် မိနစ် ၈၀ ကြာ ပြုလုပ်ခြင်းဖြင့် မီးဖွားပြီးချိန် စိတ်ကျဝေဒနာ ဝင်ရောက်နိုင်ခြေကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

ကနေဒါနိုင်ငံ အယ်ဘတ်တာ တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အမျိုးသမီး ၄၀၀၀ ကျော်ထိ ပါဝင်သောလေ့လာချက်ပေါင်း ၃၆ ခုမှ ထွက်ပေါ်လာသည့် ရလဒ်များကို လေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သီတင်းတစ်ပတ်လျှင် အနည်းဆုံးမိနစ် ၈၀ အချိန်ပေး၍ လေ့ကျင့်ခန်းပြုလုပ်သူ မိခင်များကြားတွင် မီးဖွားပြီးနောက်ပိုင်း စိတ်ကျဝေဒနာ ဝင်ရောက်နိုင်ခြေ သိသိသာသာ ကျဆင်းနေတတ်သည်ကို တွေ့ရကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

မိခင်လောင်းများအနေဖြင့် ကလေးမွေးဖွားပြီးနောက်ပိုင်းတွင် စိတ်ကျဝေဒနာနှင့် စိုးရိမ်သောကဝင်ရောက်မှုပြဿနာများ ရင်ဆိုင်ရလေ့ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**






# World Wide Technology Championship ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား အက်ခရို့ ချန်ပီယံဆုဆွတ်ခူး



**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၁၂**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပခဲ့သည့် World Wide Technology Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား အက်ခရို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၄ ချက်လျော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်နိုင်ငံတည်းသားများဖြစ်သည့် ကင်မရွန်းယန်း၊ ဂျက်စတင်လိုဝါးတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၃ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ပူးတွဲရပ်တည်နိုင်ခဲ့ပြီး ဂရေးဆာမန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ဦးဆောင်နိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားများရလဒ်ကောင်းခဲ့သည့်ပြိုင်ပွဲဖြစ်ခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် အက်ခရို့ အနေဖြင့် Fed Ex Cup Fall အမှတ်ပေးဇယား၏ အဆင့် (၅၀)အတွင်း ရပ်တည်နိုင်ခဲ့သည်။

အက်ခရို့က "ဒီအောင်မြင်မှုကြောင့် ဒီရာသီမှာကိုယ့်ကိုယ်ကိုယ် ပြိုင်ပွဲဝင်နေတယ်ဆိုတာကို သတိထားမိသွားပြီလို့ ကျွန်တော်ထင်ပါတယ်။ ရာသီကုန်ခါနီးမှာ အောင်မြင်မှုတစ်ခုကိုအချိန်မီရယူနိုင်ခဲ့လို့ ရာသီအကုန် FedExCup Fallအမှတ်ပေးဇယားရဲ့ အဆင့် (၅၀)အတွင်း ဝင်ရောက်နိုင်ခဲ့ပြီ။ ကျွန်တော့်အနေနဲ့ World Wide Technology Championship ဂေါက်သီးရိုက်ပြိုင်ပွဲလို ကုမ္ပဏီက စပွန်ဆာပေးပြီး ကျင်းပပြိုင်ပွဲတွေကို နှစ်သက်သဘောကျပါတယ်။ အခုဒီပြိုင်ပွဲကို ကျင်းပပေးတဲ့ ကုမ္ပဏီဟာ ကျွန်တော် သံတမန်အဖြစ် တာဝန်ယူဆောင်ရွက်ပေးနေတဲ့ ကုမ္ပဏီလဲဖြစ်ပါတယ်။ အခု ကျွန်တော် သံတမန်အဖြစ် တာဝန်ယူပေးနေတဲ့ ကုမ္ပဏီက စပွန်ဆာပေးထားတဲ့ ပြိုင်ပွဲမှာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူရပါတယ်။ ကုမ္ပဏီကတာဝန်ရှိသူတွေကလဲ ကျွန်တော့်ရဲ့ အောင်မြင်မှုအတွက် ဝမ်းသာနေကြပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# စပို့တင်းအသင်းက နည်းပြသစ်အဖြစ် ပါရဲရားကိုခန့်အပ်ကြောင်း ထုတ်ပြန်

**လစ္စဘွန်း နိုဝင်ဘာ ၁၂**

စပို့တင်းလစ္စဘွန်း အသင်းက အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြအာမိုရင်ကို မန်ယူအသင်းသို့ စာချုပ်ဖျက်သိမ်းကြေးဖြင့် လက်လွှတ်ခဲ့ရပြီးနောက် ၎င်းနေရာတွင် နည်းပြပါရဲရားနှင့် အစားထိုးခဲ့ကာ လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အသက် ၄၀ ရှိ နည်းပြ ပါရဲရားသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိ တူကီယဲကလပ် ထရာဇွန်စပေါ် အသင်းတွင် ပါဝင်ကစားခဲ့ရာ၌ အသင်းကို တူကီယဲစူပါလိဂ်နှင့် ဥရောပပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ၂၀၂၀ ခုနှစ်တွင် စပို့တင်းလစ္စဘွန်းအသင်းသို့ အလွှတ်ပြောင်းရွှေ့ခဲ့ကာ အသင်းနှင့် တစ်ရာသီလက်တွဲအပြီးတွင် ကစားသမားဘဝမှအနားယူ၍ နည်းပြလောကသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

၎င်းသည် နည်းပြဘဝကို စပို့တင်းလစ္စဘွန်း ယူ-၂၃ အသင်း လက်ထောက် နည်းပြအဖြစ်စတင်ခဲ့ပြီးနောက် ယူ-၂၃ အသင်း နည်းပြချုပ်အဖြစ်လည်းကောင်း၊ ယခုနှစ်တွင် လူငယ်အသင်းနည်းပြအဖြစ်လည်းကောင်း တာဝန်ယူခဲ့ပြီးနောက် နည်းပြ အာမိုရင်ထွက်ခွာသွားချိန်တွင် ၎င်း၏စွမ်းဆောင်ရည်များကို သဘောကျသည့် အသင်းတာဝန်ရှိသူများက နည်းပြချုပ်အဖြစ်ခန့်အပ်ခဲ့ပြီး ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့သည်။

လက်ရှိတွင် စပို့တင်းလစ္စဘွန်း အသင်းသည် နည်းပြအာမိုရင်၏ စွမ်းဆောင်မှုများကြောင့် အမှတ်ပေးပြိုင်ပွဲ ၁၁ ပွဲကစားပြီးချိန်တွင် ရမှတ် ၃၃ မှတ်ရရှိကာ အဆင့်(၂)မှ ပေါ်တိုအသင်းကို ရမှတ်ခြောက်မှတ် ဖြတ်တောက်၍ ဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း လေးပွဲကစားအပြီးတွင် ရမှတ် ၁၀ မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်နေသောကြောင့် ရှုံးထွက်အဆင့်တက်ရောက်နိုင်ရန် သေချာလျက်ရှိကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- နည်းပြအာမိုရင်ရောက်ရှိလာသည့်အတွက် မန်ယူအသင်း ယာယီနည်းပြ နစ္စတယ်ရွိုင်း အသင်းမှထွက်ခွာသွားကြောင်း သိရသည်။
- စတုဂတ်နှင့်ပွဲစဉ်တွင် Free Kick သွင်းယူနိုင်ခဲ့သည့် ဖရန့်ဖက်တိုက်စစ်မှူး မာမောက်သည် ထိပ်သီးလိဂ် ငါးခုတွင် တိုက်စစ်မှူး မက်ဆီနောက်ပိုင်း သုံးပွဲဆက် Free Kickဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။
- ကွင်းလယ်ဒိုင် ဒေးဗစ်ကူးတီကို စည်းမျဉ်းချိုးဖောက်ခဲ့မှုကြောင့် အက်ဖ်အေက စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။
- ရင်းနက်အသင်းက နည်းပြ ဆမ်ပါအိုလီကို နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်း ထုတ်ပြန်ခဲ့သည်။ **ML**

# နည်းပြမာတာရာဇိုနှင့် လမ်းခွဲခဲ့ကြောင်း ဟော်ဖန်ဟိမ်းအသင်း ကြေညာ

**ဘာလင် နိုဝင်ဘာ ၁၂**

ဟော်ဖန်ဟိမ်း အသင်းသည် ပြီးခဲ့သည့် တနင်္ဂနွေညက ကစားခဲ့သည့် အော့စ်ဘတ်အသင်းနှင့် ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် ဘွန်ဒက်လီဂါတွင် ရလဒ်ဆိုးရွားနေသော အသင်းနည်းပြ မာတာရာဇိုကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

နည်းပြမာတာရာဇိုသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲကစားခဲ့ရာတွင် ရမှတ်ကိုးမှတ်သာ စုဆောင်းနိုင်ခဲ့ပြီး အသင်းအနေဖြင့် အမှတ်ပေးဇယား အဆင့်(၁၂)တွင်ရောက်ရှိနေသောကြောင့် တန်းဆင်းဇုန်ဖိအားမှ လွတ်မြောက်နိုင်ရန်အတွက် အသင်း တာဝန်ရှိသူများက နည်းပြမာတာရာဇိုနှင့် ၎င်းလက်ထောက် ကမ်မာမီယာတို့ နှစ်ဦးကို ရာထူးမှ ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့သည်။

ဟော်ဖန်ဟိမ်း အားကစားဒါရိုက်တာရှိခ်ကားက "အသင်းအနေနဲ့ အခုရာသီမှာ ကစားပုံကျဆင်းလာတာကြောင့် ရမှတ်ဆုံးရှုံးခဲ့ရပါတယ်။ ဒါကြောင့် အကောင်းဆုံးအဖြေရှာနိုင်ဖို့အတွက် နည်းပြအပြောင်းအလဲလုပ်ဖို့ ဆုံးဖြတ်လိုက်ရတာပါ။ လက်ရှိအချိန်မှာတော့ နည်းပြမာတာရာဇိုနဲ့ပူးပေါင်းလုပ်ဆောင်နေသမျှ အားလုံးကို ရပ်တန့်လိုက်ပါပြီ။ နိုင်ငံတကာပြိုင်ပွဲကာလအတွင်းမှာ အသင်းရဲ့ လေ့ကျင့်ခန်းအစီအစဉ်ကို နည်းပြအဖွဲ့ဝင်တွေဖြစ်တဲ့ ဖို့ဟ်လင်းနဲ့ ဟက်ဘ်နာတို့က ယာယီတာဝန်ယူသွားမှာပါ"ဟု ပြောကြားခဲ့သည်။

နည်းပြ မာတာရာဇိုသည် ဟော်ဖန်ဟိမ်းအသင်းကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလက စတင်တာဝန်ယူခဲ့ရာ ဘောလုံးရာသီကုန်ဆုံးချိန်တွင် အသင်းကို အဆင့်(၇)နေရာရောက်ရှိအောင် စွမ်းဆောင်နိုင်သဖြင့် ဥရောပပြိုင်ပွဲကစားခွင့်ရရှိခဲ့သော်လည်း ယခုရာသီ အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်ဆိုးရွားမှုကြောင့် ထုတ်ပယ်ခံခဲ့ရပြီး လက်ရှိတွင် အသင်းတာဝန်ရှိသူများက ဩစတြီးယားကလပ် စတန်းဂရေ့စ်နည်းပြ အီလ်ဇာကို ခန့်အပ်နိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

**Ref : Bulinews**
**Trs : ML**

# အင်္ဂလန်အသင်းလူစာရင်းမှ ကစားသမားရှစ်ဦးထိ ဒဏ်ရာကြောင့်ချန်လှပ်ခဲ့ဟု အက်ဖ်အေထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၁၂**

နေးရှင်းလိဂ်ပြိုင်ပွဲ ကစားမည့် အင်္ဂလန်အသင်းလူစာရင်းမှ ကစားသမားရှစ်ဦးထိ ဒဏ်ရာပြဿနာကြောင့် ချန်လှပ်ခဲ့ရကြောင်း အက်ဖ်အေက ထုတ်ပြန်ခဲ့သည်။




အင်္ဂလန်အသင်းသည် ပြီးခဲ့သည့်လက နည်းပြကာစလေကို ထုတ်ပယ်၍ နည်းပြတူချယ်နှင့် အစားထိုးခဲ့ပြီးနောက် နေးရှင်းလိဂ်ပြိုင်ပွဲအတွက် ကစားသမား ၂၅ ဦးထိ ရွေးချယ်ထားသော်လည်း ယခုအခါ အဓိက ကစားသမားများဖြစ်သည့် အာနိုး၊ ဆာကာ၊ ဂရီလစ်၊ ဖိုဒန်၊ ကိုဝဲလ်နှင့် ရမ်ဒေးလ်တို့အပါအဝင် ကစားသမားရှစ်ဦးထိ ဒဏ်ရာရရှိနေသောကြောင့် အသင်းလူစာရင်းမှ ချန်လှပ်ခဲ့ရပြီး လူငယ်ကစားသမားများနှင့် အစားထိုးခဲ့ရသည်။

လက်ရှိတွင် နည်းပြတူချယ်သည် အေဗီလာအသင်းမှ ကွင်းလယ် ကစားသမား ရော်ဂျာ၊ ဝက်စ်ဟမ်းအသင်း တိုက်စစ်မှူး ဘိုဝင်၊ အဲဗာတန် ခံစစ်ကစားသမား ဘရန့်ဝိတ်၊ နယူးကာဆယ်အသင်းမှ လီဗရာမန်တို၊ ဘန်လေအသင်းဂိုးသမား မက်တာနာတို့ ငါးဦးကိုသာ ခေါ်ယူဖြည့်တင်းခဲ့ခြင်းဖြစ်သည်။

နည်းပြ တူချယ်ရွေးချယ်ထားသည့် ကစားသမား ၂၃ ဦးစာရင်းတွင် ဂိုးသမားများအဖြစ် ဟန်ဒါဆန်၊ ပစ်ဖို့ဒ်၊ မက်တာနာ၊ ခံစစ်ပိုင်းတွင် ဂူဟီ၊ လူးဝစ်၊ အဲရစ်ကွန်ဆာ၊ ဝေါ်လ်ကာ၊ လူးဝစ်ဟော၊ ဟားဝုဒ်ဘဲလစ်၊ ဘရန့်ဝိတ်၊ လီဗရာမန်တို၊ ကွင်းလယ်တွင် ဂယ်လာဟာ၊ ဂစ်ဗ်ဂိုက်၊ ဘယ်လင်ဟမ်၊ ကာတစ်ဂျူန်း၊ အိန်ဂျယ်ဂိုးမက်စ်၊ ရော်ဂျာ၊ တိုက်စစ်ပိုင်းတွင် ဂေါ်ဒွန်၊ ဟယ်ရီကိန်း၊ မက်ဒူခီ၊ ဝက်ကင်း၊ ဆိုလန်ကီနှင့် ဘိုဝင်တို့ ပါဝင်ခဲ့ကြောင်း သိရသည်။

**Ref : 90min**
**Trs : ML**

# ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် မြန်မာအားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ




**ရန်ကုန် နိုဝင်ဘာ ၁၂**

မော်လ်ဒိုက်နိုင်ငံ Addu City ၌ နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်ထိ ကျင်းပသည့် (၁၅)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင် မှုအားကစားပြိုင်ပွဲ(15th World Bodybuilding & Physique Sport Championship)တွင် နိုင်ငံ့ဂုဏ် ဆောင်နိုင်ခဲ့သည့် မြန်မာအားကစား အဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ ကြောင်း သိရသည်။

မြန်မာ့ကာယဗလအားကစား အဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ အတွင်းရေး မှူး ဦးညွန့်ဖေနှင့် ကော်မတီဝင် ဦးအောင်နိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိ သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး နှင့်တာဝန်ရှိသူများ၊ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံကာယ ဗလနှင့် ကာယကြံ့ခိုင်မှုအားကစား အဖွဲ့ချုပ်မှ အမှုဆောင်များနှင့် တာဝန်ရှိသူများ၊ အားကစားသမား များက ကြိုဆိုနှုတ်ဆက်ခဲ့ ကြသည်။

(၁၅)ကြိမ်မြောက်ကမ္ဘာ့ကာယ ဗလနှင့် ကာယကြံ့ခိုင်မှုအားကစား ပြိုင်ပွဲတွင် ရဲထွန်းနောင်သည် အမျိုးသားကာယဗလ ၇၅ ကီလို တန်း၌ ပထမ ရွှေတံဆိပ်ဆုဆွတ်ခူး နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင် ခဲ့သည်။

အဆိုပါ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို နိုင်ငံပေါင်း ၄၀ မှ ကစားသမား ၃၇၇ ဦးတို့က ပြိုင်ပွဲအမျိုးအစား ၅၀ တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြ ကြောင်း သိရသည်။

**STA**

# IBO Asia Pacific စူပါဖယ်သာဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲ၌ ရန်ရှီကျိုးနှင့် ထိုးသတ်စဉ် ဒဏ်ရာရရှိခဲ့သည့် ဟိုက်ဒါ ကွယ်လွန်

**နာဒီ နိုဝင်ဘာ ၁၂**

IBO Asia Pacificစူပါဖယ်သာ ဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ် အဖြစ် တရုတ်လက်ဝှေ့သမား ရန်ရှီကျိုးနှင့် ဖီဂျီလက်ဝှေ့သမား ဟိုက်ဒါတို့ အောက်တိုဘာ ၂၆ ရက် တွင် ဖီဂျီနိုင်ငံနာဒီမြို့တွင် ထိုးသတ် ခဲ့ရာ ရန်ရှီကျိုးက ဒိုင်ပွဲရပ်ရလဒ် ဖြင့် အနိုင်ရရှိခဲ့ပြီး ယင်းပွဲစဉ်တွင် လဲကျခဲ့သည့် ဟိုက်ဒါသည် ကိုမာ ဝင်ခဲ့ပြီးနောက် ဆေးရုံတွင် အရေး ပေါ်အခြေအနေဖြင့် ဆေးကုသမှု ခံယူခဲ့ရာမှ နိုဝင်ဘာ ၁၁ ရက်တွင် ယင်းဒဏ်ရာကြောင့်ပင် ကွယ်လွန် ခဲ့ကြောင်း မိသားစုဝင်များက အတည်ပြုထုတ်ပြန်ခဲ့သည်။

ဟိုက်ဒါ၏ဇနီးဖြစ်သူ ဟယ်လင် ကလည်း ဟိုက်ဒါသည် ရန်ရှီကျိုး ကိုရှုံးနိမ့်ခဲ့သောပွဲစဉ်အပြီး နာဒီ မြို့ရှိ လော်တိုကာအက်ပန်ဆေးရုံ တွင် ကိုမာဝင်နေသည့်အတွက် ဆေးကုသမှုခံယူခဲ့ရာမှ နိုဝင်ဘာ ၁၁ ရက်တွင် သေဆုံးခဲ့ကြောင်း အတည်ပြု ပြောကြားခဲ့သည်ဟု သိရသည်။

ဟိုက်ဒါ၏အစ်ကို ဆီဘက်စတီ ယန်က "ကျွန်တော့်ညီလေး ကောင်းကင်ဘုံကို ရောက်သွားပါ ပြီ။ ကျွန်တော့်ညီလေးကို အရမ်း ချစ်ပါတယ်။ ကျွန်တော့်ရင်ထဲမှာ ကျွန်တော့်ညီလေးကိုအမြဲအမှတ် ရနေမှာပါ" ပြောကြားခဲ့ကြောင်း သိရသည်။

ဟိုက်ဒါ၏ ဇနီးက"၂၅ နှစ်တိုင် တိုင် ဟိုက်ဒါကိုပျော်ရွှင်ဖွယ်ရာလူ့ ဘဝဖန်တီးပေးခဲ့တဲ့ ဘုရားသခင် ကိုကျေးဇူးတင်ပါတယ်။ ကျွန်မနဲ့ ပေါင်းခဲ့တဲ့ ငါးနှစ်တိုင်တိုင်ကာလ အတွင်း ကျွန်မကိုပျော်ရွှင်အောင် ထားပေးခဲ့တယ်။ ကျွန်မကိုအရမ်း ချစ်ပေးခဲ့သလို ဂရုစိုက်ပေးခဲ့တဲ့ ဟိုက်ဒါ ကောင်းရာဘုံကိုရောက်ပါ စေလို့ ဆုတောင်းပေးပါတယ်" ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ကြွက်သားဒဏ်ရာကြောင့် ဥရောပနေးရှင်းလိဂ်ကစားမည့် ပြင်သစ်အသင်းမှ ခံစစ်ကစားသမား ဖိုဖန်နာ နုတ်ထွက်

**ပဲရစ် နိုဝင်ဘာ ၁၂**

ပြင်သစ်အသင်းနှင့် ချဲလ်ဆီး အသင်းခံစစ်ကစားသမား ဖိုဖန်နာ သည် ကြွက်သားဒဏ်ရာရရှိထား သည့်အတွက် ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲကစားမည့် ပြင်သစ်အသင်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ဖိုဖန်နာသည် ပြီးခဲ့သည့် အာဆင်နယ်အသင်း နှင့် ချဲလ်ဆီးအသင်းတို့ ကစားခဲ့ သည့်ပွဲစဉ်တွင် ပွဲချိန်ပြည့်ပါဝင် ကစားခဲ့သော်လည်း အဆိုပါပွဲစဉ် တွင် အသေးစားကြွက်သား ဒဏ်ရာရရှိခဲ့သည့်အတွက် ဥရောပ နေးရှင်းလိဂ်ပွဲစဉ်များကစားမည့် အသင်းကစားသမားစာရင်းမှ နုတ် ထွက်ခဲ့ခြင်းဖြစ်သည်။

ဖိုဖန်နာအနေဖြင့် ကြွက်သား ဒဏ်ရာမှာ ပြင်းထန်မှုမရှိသော် လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် အတွက် ရက်သတ္တပတ်အနည်း ငယ်အနားယူရန် လိုအပ်နေသော ကြောင့် ပြင်သစ်အသင်းနှင့် အရဲ စွန့်မကစားလိုသည့်အတွက် ကစား သမားစာရင်းမှ နုတ်ထွက်ခဲ့သည်။

ဖိုဖန်နာအနေဖြင့် နိုင်ငံတကာ ပွဲစဉ်ကာလတွင် အနားယူလိုက် ပါက ဒဏ်ရာမှပြန်လည်သက်သာ ပြီး ကြံ့ခိုင်မှုပြန်လည်ပြည့်ဝနိုင် သည့်အတွက် ပြင်သစ်အသင်းနှင့် အတူ ဥရောပနေးရှင်းလိဂ်ပွဲစဉ်များ ကို လွဲချော်မည်ဖြစ်သော်လည်း လာမည့် နိုဝင်ဘာ ၂၃ ရက်တွင် ကစားမည့် ချဲလ်ဆီးအသင်းနှင့် လက်စတာအသင်းတို့ ပွဲစဉ်ကို ပြန်လည် ပါဝင်နိုင်ဖွယ်ရှိနေ ကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**



# ATP Finals တင်းနစ်ပြိုင်ပွဲတွင် အယ်ကာရက်ဇ်က ကပ်စပါရှဒ်ကို ရှုံးနိမ့်

**ရောမ နိုဝင်ဘာ ၁၂**

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပနေသည့် ATP Finals တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦး ချင်းပွဲစဉ်အဖြစ် ယနေ့တွင် စပိန် တင်းနစ်ကစားသမား အယ်ကာ ရက်ဇ်နှင့် နော်ဝေတင်းနစ်ကစား သမား ကပ်စပါရှဒ်တို့ ယှဉ်ပြိုင် ကစားခဲ့ရာ ကပ်စပါရှဒ်က (၆-၁၊ ၇-၅) ရလဒ်ဖြင့်အနိုင်ရရှိခဲ့သည်။

အယ်ကာရက်ဇ်သည် ပထမပွဲ ငယ်တွင် ပုံစံကောင်းပျောက်ဆုံးခဲ့ ကာ ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့် ခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပုံစံကောင်း ပြန်လည်ရရှိကာ ကပ်စပါရှဒ်ကို ဖိအားပေးနိုင်ခဲ့သော် လည်း အမှားအယွင်းတချို့ရှိနေ ဆဲဖြစ်သည့်အတွက် ကပ်စပါရှဒ် က Tie-Break တွင် အနိုင်ရရှိ ခဲ့သည်။

အယ်ကာရက်ဇ်သည် အုပ်စု ဒုတိယပွဲစဉ်အဖြစ် ရုရှားတင်းနစ် ကစားသမား ရူဘလက်ဖ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အယ် ကာရက်ဇ်အား အနိုင်ရရှိခဲ့သည့် ကပ်စပါရှဒ်က ဂျာမနီတင်းနစ် ကစားသမား ဇီရက်ဖ်နှင့် ယှဉ်ပြိုင် ရမည်ဖြစ်သည်။

ကမ္ဘာ့အဆင့်(၃) နေရာတွင် ရပ်တည်နေသည့် အယ်ကာရက်ဇ် သည် ကပ်စပါရှဒ်ကိုရှုံးနိမ့်ခဲ့သော ပွဲစဉ်တွင် Unforced Errors ကို ၃၄ ကြိမ်ထိကျူးလွန်ခဲ့ပြီး အယ်ကာ ရက်ဇ်အတွက် ပွဲစဉ်တစ်ပွဲအတွင်း အမှားအယွင်းများခဲ့သည့် ပွဲစဉ် တစ်ပွဲဖြစ်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# နိုင်ငံတကာခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်ကစားသမားစာရင်း ထုတ်ပြန်



**ရန်ကုန် နိုဝင်ဘာ ၁၂**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) အသိအမှတ်ပြုနိုင်ငံတကာခြေစမ်း ပွဲစဉ်များကစားရန်အတွက် မြန်မာ့ လက်ရွေးစင်အသင်း၏ အပြီးသတ် ကစားသမားစာရင်းကို နည်းပြ ဦးမျိုးလှိုင်ဝင်းက ထုတ်ပြန်ခဲ့ ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်း သည် ယခုလအတွင်း ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲစဉ် နှစ်ပွဲ ကစားသွားမည်ဖြစ်ပြီး ပထမပွဲစဉ် အဖြစ် နိုဝင်ဘာ ၁၄ ရက် မြန်မာ စံတော်ချိန် ည ၆ နာရီခွဲ၌ စင်ကာပူ နိုင်ငံရှိ အမျိုးသားအားကစားကွင်း တွင် လက်ရှိကမ္ဘာ့အဆင့် (၁၆၂) နေရာ၌ရပ်တည်နေသည့် စင်ကာပူ အသင်းနှင့်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်း သည် စင်ကာပူအသင်းနှင့်ကစား မည့် ခြေစမ်းပွဲစဉ်အပြီး ဒုတိယ ခြေစမ်းပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၉ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ လက်ရှိ ကမ္ဘာ့အဆင့် (၁၁၅)နေရာတွင် ရပ်တည်နေသည့် လက်ဘနွန် အသင်းနှင့် ကစားရမည်ဖြစ် ကြောင်း သိရသည်။

နည်းပြ ဦးမျိုးလှိုင်ဝင်းထုတ်ပြန် ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း ၏အပြီးသတ်ကစားသမားစာရင်း မှ ဂိုးသမားနေရာတွင် ကျော်ဇင် ဖြိုး၊ ပြည့်ဖြိုးသူ၊ နေလင်းထက်၊ ခံစစ် ကစားသမားနေရာတွင် ဟိန်းဖြိုး ဝင်း၊ အောင်ဝဏ္ဏစိုး၊ ဖွဲ့ခန့်မင်း၊ သက်ဟိန်းစိုး၊ နန္ဒကျော်၊ ဇော်ရဲ ထွန်း၊ သူရိန်စိုး၊ ကျော်ဖြိုးဝေနှင့် စိုးမိုးကျော်၊ကွင်းလယ်ကစားသမား နေရာတွင် ဝေလင်းအောင်၊ ဇော်ဝင်း သိန်း၊ ဥက္ကာနိုင်၊ လာဒင်မောရာ၊ ခိုင်ရဲဝင်း၊ မြတ်ကောင်းခန့်၊ ရဲရင့် အောင်၊ သီဟဇော်၊ ဆွမ်လမန်၊ မောင်မောင်လွင်၊ တိုက်စစ်ကစား သမားနေရာတွင် သန်းတိုးအောင် နှင့် ဝင်းနိုင်ထွန်းတို့ ပါဝင်ခဲ့ကြ ကြောင်း သိရသည်။

**STA**

# လောကကို အလှမြင်

**မောင်မိုးရှင်း**

လူတို့သည် ကိုယ်တွေ့ဖြင့် အဘယ်အလုပ်၊ အဘယ်အကြောင်းအရာတို့ကိုမျှ ကုန်စင်အောင် မသိ။ နှစ်ပေါင်းများစွာ ကြုံတွေ့ရရှိခဲ့သော လူပေါင်းများစွာတို့၏ အသိတွေ၊ အတွေ့တွေကို စု၍ထားသော စာအုပ်များကိုဖတ်မှသာ လုံလောက်သော အသိကို ရနိုင်ပေသည်။

ပီမိုးနင်း(၁၈၈၃-၁၉၃၆)

**နိဒါန်း**

ဤဆောင်းပါးကို ရေးသား၍စာဖတ်သူများထံ တင်ပြနိုင်ခြင်းမှာ စာရေးသူ၏ကိုယ်တွေ့ဖြတ်သန်းခဲ့ရသော မိမိအတွေ့အကြုံအပေါ်မှာ အခြေခံ၍ ရေးနိုင်ခြင်းမဟုတ်ပါ။ အမှန်အတိုင်းဝန်ခံရမည်ဆိုပါက စာအုပ်စာပေထဲက ဖတ်ရှုမှတ်သားပြီးသား စိတ်မှာခံစားနားလည်လာသမျှ ထုတ်ဖော်တင်ပြလိုသဖြင့် ရေးချနိုင်ခြင်းဖြစ်ပါသည်။ စာဖတ်ပါမှ အသိအမြင်ရ၏။

စာဖတ်ခြင်းသည် အခြားသူများထံမှ ကောင်းနိုးရာရာဦးနှောက်ကိုဖွဲ့ယူရခြင်းပမာ မိမိဉာဏ်ရည်ဉာဏ်သွေးတိုးစေရန် အကောင်းဆုံးသောနည်းတစ်နည်းဖြစ်ပေသည်။ စာဖတ်ခြင်းဖြင့် မရောက်ဖူးသော နေရာများသို့ရောက်မည်။ မကြားဖူးသော အရာများကို ကြားရမည်။ မမြင်ခဲ့ဖူးသော အရာများကို မြင်ရနိုင်သည်။ မစဉ်းစားဖူးသော အရာများကို စဉ်းစားမိမည်။ မသိသေးသော အသိပညာများ တိုးလာမည်။ တစ်နေ့နာရီဝက် အာရုံစူးစိုက်ကာ စာမှန်မှန်ဖတ်သွားလျှင်ပင် တစ်နှစ်ကြာက ၁၈၂ နာရီ စာပေဖတ်ရှုလေ့လာပြီးသူဖြစ်ပေမည်။ စာမဖတ်သူထက် သိသိသာသာအကြားအမြင်ဗဟုသုတရှိခဲ့မည်မှာထင်ရှားသိသာလှပါ၏။ အချို့စာအုပ်များက မြည်းစမ်းကြည့်ရုံမျှသာ ဖတ်လျှင်ရပါသည်။ အချို့စာအုပ်သည် မြို့ချရန်ဖြစ်လေသည်။ အချို့စာအုပ်ကမူ အစာကြေအောင်ညက်ညက်ဝါးကာ ခွန်အားဖြစ်စေမည့်အာဟာရအနေနှင့်စားသုံးရန်ဖြစ်ပေသည်။

**မြန်မာ့ဓလေ့**

မန်လည်ဆရာတော်အရှင်ဇဝန(၁၈၄၁-၁၉၂၀) ပျံလွန်တော်မူသည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ခဲ့လေပြီ။ သို့တစေ ဆရာတော်ဘုရားပြုစုရေးသားခဲ့သော မဟာသုတကာရီ ခေါ် မဃဒေဝလင်္ကာသစ်ကဗျာရှည်ကျမ်းကြီးသည်ကား မှတ်သားနာယူစရာ ဘဝလမ်းညွှန်အဆီအနှစ်များဖြင့် ပြည့်နေပါသည်။ ဤဆောင်းပါးရေးသားရန်အကြောင်းအရာ အရင်းခံကို ဤစာအုပ်ထဲမှာဖတ်ရသော(အလိုလိုအလွတ်ရနေသော)စာပိုဒ်က ရရှိခဲ့၏။ တွေ့ဖူး၊ ဖတ်ဖူးမှာပါ။ ဤကဗျာလင်္ကာစာပိုဒ်လေး။

**"သူ့ကိုချီးမြှောက်၊ ကိုယ်ဂုဏ်မြှောက်၏၊**
**ယွင်းဖောက်အလို၊ ဝန်မတိုနှင့်၊**
**သူ့ကိုဂုဏ်နိမ့်၊ ကိုယ်ဂုဏ်နိမ့်၏၊**
**စဉ်းစိမ့်အရာ၊ သူ့ချမ်းသာ၌၊**
**ဣဿာမပြု၊ ဝမ်းမြောက်ရှုလော့၊**
**သူ့ကိုနှိမ့်ချ၊ ကိုယ်နိမ့်ကျ၏။**

သူတစ်ပါးကို တော်လျှင်တော်ကြောင်း၊ ကောင်းလျှင်ကောင်းကြောင်း ထုတ်ဖော်ပြောဆိုခြင်း၊ ရေးသားခြင်းသည် ကျက်သရေမင်္ဂလာရှိသော အလုပ်တစ်ခုဖြစ်ပါသည်။ မိမိကဘာမှအရင်းမစိုက်ရဘဲ ထိုက်တန်သူမှာ နာမည်ကောင်းရ၍ အမြတ်ထွက်သွားစေပါသည်။ တကယ်မဟုတ်ဘဲနှင့် ကျီးကို ဘုတ်မြှောက် ဘုတ်ကို ကျီးမြှောက်၊ လှည့်စားလိမ်ညာခြင်းမျိုးတော့ မပြုသင့်ပေ။

**ပန်းစံပယ်ငုံဖူး၊ ပွင့်ဦးနှင့်။ ဖိုးရွှေလမင်း၊ သူ့အလင်းနှင့်။ ထို့အတူ မီးအိမ်ငယ်လည်း သူ့အရွယ်နှင့်အစွယ်နှင့်။** သူ့နေရာလေးမှာ အမှောင်ထုကို ဖယ်ရှင်းကာ အလင်းရောင်ပေးနေရှာပါသည်။ အသိအမှတ်ပြုရမည်။ အထင်ကရကြီးကြီးမားမား သူတစ်ပါးကိုအကျိုးမပြုနိုင်သော်လည်း စိတ်ကောင်းစေတနာထက်သန်စွာဖြင့် မိမိကျရာနေရာ၊ မိမိထမ်းဆောင်ရသည့်တာဝန်ကို အစွမ်းကုန်တာဝန်ကျေပွန်နေကြသူများကိုလည်း အသိအမှတ်ချီးကျူးထိုက်သည်သာ။

**"အလှဝန်တို၊ မငြင်ပြိုနှင့်**
**ဝန်တိုမှုသာ မလှရာတည့်"**

စသဖြင့် မြန်မာကဗျာဆရာများ သူတစ်ပါးအပေါ် မနာလိုဝန်တိုစိတ်ထားက မိမိမှာမထားသင့်ကြောင်း၊ သူတစ်ပါးအောင်မြင်ခြင်း၊ တိုးတက်ခြင်း၊ ကောင်းစားခြင်းတို့ကို ဝမ်းသာအားရကြည်နူးနှစ်သက်တတ်သော မုဒိတာစိတ်ထားကိုသာထားအပ်ကြောင်း ကဗျာလင်္ကာပေါင်းများစွာ ရေးဖွဲ့သတိပေးလေ့ရှိပါ၏။

**❖သူတစ်ပါးကို တော်လျှင်တော်ကြောင်း၊ ကောင်းလျှင် ကောင်းကြောင်း ထုတ်ဖော်ပြောဆိုခြင်း၊ ရေးသားခြင်းသည် ကျက်သရေမင်္ဂလာရှိသော အလုပ်တစ်ခုဖြစ်ပါသည်။ မိမိကဘာမှအရင်းမစိုက်ရဘဲ ထိုက်တန်သူမှာ နာမည်ကောင်းရ၍ အမြတ်ထွက်သွားစေပါသည်။ တကယ်မဟုတ်ဘဲနှင့် ကျီးကို ဘုတ်မြှောက် ဘုတ်ကို ကျီးမြှောက်၊ လှည့်စားလိမ်ညာခြင်းမျိုးတော့ မပြုသင့်ပေ။ ပန်းစံပယ်ငုံဖူး၊ ပွင့်ဦးနှင့်။ ဖိုးရွှေလမင်း၊ သူ့အလင်းနှင့်။ ထို့အတူ မီးအိမ်ငယ်လည်း သူ့အရွယ်နှင့်အစွယ်နှင့်။ သူ့နေရာလေးမှာ အမှောင်ထုကိုဖယ်ရှင်းကာ အလင်းရောင်ပေးနေရှာပါသည်။ ❖**

**လမင်းနှင့်ခွေးဟောင်သံ**

စာပေဝေဖန်ရေးဆရာတချို့သည် အောင်မြင်ထင်ရှားသော စာရေးဆရာကြီးများ၏ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ် စသည်တို့ကို ပုတ်ခတ်တိုက်ခိုက်သော စိတ်သဘောထားမျိုးဖြင့် အပြစ်ရှာဝေဖန်ခဲ့ကြသည်ကို သတိရပါ၏။ သို့သော် အချိန်ကာလ နှစ်အတော်ကြာလာသောအခါ ပုပ်သော၊ ယုတ်ညံ့သော စိတ်သဘောထားဖြင့် ချိုးနှိမ်အပြစ်တင်ခဲ့သည့် စာရေးဆရာ၏စာများသည်သာ မေးမှိန်ပျောက်ကွယ်၍ လွင့်ပြယ်ကျဆင်းသွားသော်လည်း ကျော်ကြားအောင်မြင်သော စာရေးဆရာကြီးတို့၏ စာအုပ်များမှာ အကြိမ်များစွာ ထပ်ကာထပ်ကာပုံနှိပ်ထုတ်ဝေ၍ စာဖတ်ပရိသတ်ခေတ်အဆက်ဆက်၏ လက်ခံအားပေးခြင်းကို ရရှိနေကြကြောင်း တွေ့ရပေသည်။

လမင်းကိုခွေးဟောင်သော်လည်း ကောင်းကင်အမြင့်ရှိ ဖိုးရွှေလမင်းကြီးသည်ကား တိမ်သားပယ်ရှင်း၊ ပို၍လင်းကာ၊ ရွှေလရောင်ပြောင် မညှိုးတယ်၊ တိုး၍သာပြောင် ဆိုသည့် ကဗျာအလင်္ကာဒွေးချိုးလေးအတိုင်းပင်။ ဤသဘောနှင့်နှင့် ဘုရားဟောသာဓက ဥပမာတစ်ခုလည်း ဖတ်ရမှတ်ရဖူးပါ၏။

**တောဝက်များ**

ခြေသံ့မင်းနေသော ပတ္တမြားလိုဏ်ဂူသည် ပြောင်ပြောင်လက်လက် အရောင်ထွက်သဖြင့် ဂူပေါက်ဝမှ နေရောင်ကျသောအချိန်အခါမျိုးတွင် ဂူနံရံသည် မှန်များသဖွယ် အရိပ်အရုပ်ထင်လာသဖြင့် ခြေသံ့ပုံသွင်များစွာပွားသကဲ့သို့ နံဘေးတောအုပ်ထဲရှိ တောဝက်များက မြင်ကြရလေသည်။ ထို့ကြောင့် တောဝက်အပေါင်းမှာ များစွာကြောက်ရွံ့ခြင်းဖြစ်နေကြရကာ မစားနိုင်၊ မအိပ်နိုင်၊ စိတ်ဆင်းရဲခြင်းကြီးစွာ ချောက်ချားနေခဲ့ရလေသည်။ ထိုအခါအသိအမြင်စူးစမ်းတတ်သော တောဝက်တစ်ကောင်က ခြေသံ့မင်းပြင်ပသို့ ထွက်ခွာအစာစားစဉ်၌ ဂူအတွင်းသို့ တိတ်တဆိတ်ဝင်ရောက်လေ့လာကြည့်ရှုလေသည်။

ပတ္တမြားဂူက မှန်များကိုကာထားသကဲ့သို့ ရုပ်ပုံများစွာပေါ်ခြင်းဖြစ်ကြောင်း သိရှိသွားကာ သူတို့အုပ်စုဝက်အပေါင်းကို အကြောင်းမှန်ပြန်၍ပြောပြလေသည်။ ထိုအခါ သူတို့သည်ခြေသံ့ရုပ်သွင်ပုံများစွာကိုမြင်ကြရ၍ ထိတ်လန့်ခဲ့ရသည်၊ ကြောက်ရွံ့နေကြသည်။ ပတ္တမြားဂူနံရံကို ရွံ့နွံများအညစ်အကြေးများ သုတ်လိမ်းဖုံးအုပ်ထားလျှင် များစွာသောခြေသံ့ပုံများ သူတို့မြင်ကြရမည်မဟုတ်တော့။

ဤသို့ဖြင့် တောဝက်အုပ်သည် အနီးရှိ ချောင်းရေစပ်မှ ရွံ့ညွှန်များကို သူတို့တစ်ကိုယ်လုံးပေကျံနေအောင်လူးလျက် ခြေသံ့မင်းနေရာ လိုဏ်ဂူအတွင်း ပတ္တမြားနံရံကို သူတို့ကိုယ်ဖြင့်ပွတ်ကာပွတ်ကာ ရွံ့နွံများကို သုတ်လိမ်းဖုံးကွယ်ရန် ကြိုးစားကြလေသည်။

သို့သော် ပတ္တမြားဂူနံရံသည် တောဝက်များက အမျိုးမျိုးအဖုံဖုံရွံ့ညွှန်များဖြင့် မည်သို့ပင်သုတ်လိမ်းစေကာမူ ပိုမိုတောက်ပပြောင်လက်အောင် ဝက်မှင်ဘီးဖြင့်သုတ်လိမ်းပွတ်တိုက်ပေးသကဲ့သို့ တိုး၍တိုး၍သာ ပြောင်လက်လာလေသည်။ ပတ္တမြားဂူနံရံကို မေးမှိန်အောင် တောဝက်များမလုပ်နိုင်၊ လက်မှိုင်ချခဲ့လေသည်။

အရည်အသွေး၊ အရည်အချင်းပင်ကိုမြင့်မားသူကို မေးမှိန်ပါစေ၊ ပျောက်ကွယ်ပါစေ၊ မထင်မရှားဖုံးကွယ်ပိတ်ဆို့ထားလေမည်ဟု တောဝက်များ ရွံ့ညွှန်တို့လူး၍လူး၍ပွတ်တိုက်ကြသော်လည်း လူချွန်လူမှန်သာ မှန်ပါစေ၊ မညှိုးမှိန်မတိမ်ကောနိုင်ပါပေ။

**နေရာတကာ**

သူတစ်ပါးကောင်းစားကြီးပွားသည်ကို အလိုလိုမနာလိုဝန်တိုစိတ်ရှိတတ်သော လူတချို့သည် နေရာအတော်များများဝယ်ရှိ၏။ အထူးသဖြင့် လူတိုင်းလူတိုင်းသည် သတင်းစားသုံးသူ၊ ပရိသတ်ဖြစ်ကြသကဲ့သို့ တစ်ချိန်တည်းမှာ သတင်းပြောသူ၊ သတင်းရေးသူ၊ သတင်းဓာတ်ပုံမျှဝေပေးပို့သူ၊ သတင်းသမား၊ သတင်းထောက်ဖြစ်နေသော ခေတ်ကာလမဟုတ်လော။ စိတ်ထဲရှိတာ ထုတ်ဖော်ပြောကြသည်။ ရေးကြသည်၊ သူထုတ်လုပ်လိုက်သော စကား၊ ရေးသားလိုက်သော ဝါကျ၊ စာပိုဒ်သည် အမှန်စင်စစ်သူ၏ စိတ်နေသဘောထားကို ဖော်ထုတ်လှစ်ပြခြင်းဖြစ်ကြောင်း အချို့က နားမလည်ပေ။ မသိကြပေ။

စာရေးခြင်းကား စိတ်ကိုရေးခြင်းအတတ်ဖြစ်၏။ မိမိရေးသောစာထဲမှာ မိမိမှာရှိသော အတွင်းစိတ်ဖြူကြောင်း၊ မည်းကြောင်း၊ ဖြောင့်ကြောင်း၊ ကောက်ကြောင်း၊ တန်ဖိုးမြင့်ကြောင်း၊ တန်ဖိုးနိမ့်ကြောင်း၊ သူတစ်ပါးနှင့်လူအများကို အကျိုးပြုကြောင်း၊ အကျိုးဖျက်ဆီးရာရောက်သွားကြောင်း၊ သတိထားမိသူလည်း ရှိ၏။ သတိမထားမိသူတွေလည်း တွေ့မြင်ကြရ၏။

**တွေ့နေရ**

အလွန်တရာစိတ်ထားယုတ်ညံ့စွာ သူတစ်ပါးကောင်းစားတာကို မိမိနှင့်အဝေးကြီး ဘာမှလည်းဆိုင်တာမဟုတ်ပါဘဲလျက် အမျက်ဒေါသစူးစူးနှင့် ရိုင်းစိုင်းမှားယွင်းစွာဆဲဆိုပုတ်ခတ်ပြောဆိုနေသူတွေ တွေ့ဖူးပေလိမ့်မည်။ သီလဂုဏ်ပြည့်စုံသော ဆရာတော်ကြီးများမှ အစ၊ သံဃာတော်များကိုပင် ရိုသေရကောင်းမှန်းမသိ။ မဟုတ်မမှန်တမင်စွပ်စွဲတိုက်ခိုက်နေသည်လည်း တွေ့ရ၏။

သူ့အနုပညာနှင့်သူ၊ ပြည်သူက အားပေးကြသဖြင့် အောင်မြင်ထင်ရှားကာ အဆင်ပြေကြီးပွားလာသည်ကိုပင် ဘာမဆိုင်ညာမဆိုင်ညစ်ညမ်းစွာ စွပ်စွဲပုတ်ခတ်ချိုးနှိမ်နေသူတွေလည်း မြင်ရသည်။ အကြောင်းရင်းစစ်လိုက်သောအခါ မိမိမှာက အကျိုးတစ်စုံတစ်ရာမှမရဘဲ သူတစ်ပါးကိုဝင်ပြီးဆဲရင်းဆဲရင်းနှင့် ဒုက္ခမျိုးစုံနွံနစ်သွားကာ ဆင်းရဲဆင်းရဲသွားသော သူတွေကို မြင်နေကြရသည်။

ကြည့်တတ်မြင်တတ်လျှင် အဘိဇ္ဈာ၊ ဣဿာမစ္ဆရိယ သူတစ်ပါးကောင်းစားထင်ရှား၊ ချမ်းသာသည်ကို မနာလိုတတ်သော စိတ်သဘောထားသေးသိမ်မှုအကုသိုလ်ဒုစရိုက်ကြောင့် လက်ငင်းဆင်းရဲကြုံကြရပုံများ။ ပူလောင်ရပုံ။ မည်သူမဆို ကောင်းတာရှိမည်။ မကောင်းတာရှိလိမ့်မည်။ ဘယ်သူမှ အလုံးစုံမပြည့်စုံနိုင်။ သူ့မှာ တော်သည့်အချက်တွေလည်း ရှိမည်၊ ညံ့သောအချက်များလည်းရှိနိုင်သည်။ သူသူငါငါသာမန်လူတွေမှာ အကောင်းရောအဆိုးပါ (ငွေဒင်္ဂါးပြား၏ ခေါင်းနှင့်ပန်းပမာ ဒွန်တွဲကာ) နှစ်ဖက်ရှိမှာပင်။

အဆိုးဘက်၊ ချွတ်ယွင်းမှုဘက်၊ ချို့တဲ့မှုဘက်ကို ရွေး၍ကြည့်ပါက မကောင်းတာ၊ ညံ့ဖျင်းတာပဲ မြင်ရပေမည်။ ကြည့်သူဘက်က စိတ်သဘောထား ဓာတ်ခံပေါ်မူတည်သည်။

**ပုံပြင်**

တစ်ခါက တစ်ရွာလုံးနှင့်စကားများ၊ ရန်ဖြစ်လွန်းသဖြင့် ရွာပြင်ထုတ်ထားရသူတစ်ယောက်ရှိသတဲ့။ ရွာနှင့်မနီးမဝေးတောစပ်မှာ တဲထိုးပေးထား၏။

လူတစ်ယောက်က ဤရွာသို့ရောက်လာသည်။ ဤအခြေအနေကို ကြားသိရသည်။ ကိုယ့်ရွာသူရွာသားတစ်ဦးကို ဤသို့ဝိုင်းပယ်ထားသလိုလုပ်ခြင်းကဖြင့် မတရားဘူး၊ မဖြစ်သင့်ဘူးဟုထင်သည်။ တစ်ရွာလုံးက မကြိုက်သဖြင့် အများကိုဆုံးမပြုပြင်မနေတော့ တစ်ရွာလုံးနှင့်မသင့်တင့်သူ ဤတစ်ယောက်ကိုသာ ပြုပြင်ဆွေးနွေးမည်ဟု သွားရောက်တွေ့ဆုံလေသည်။

တစ်ယောက်တည်းနေသော ထိုအမျိုးသမီးက "ဘာကိစ္စကျုပ်ဆီလာတာလဲ" ဟု မေး၏။ လာသူက ကိုယ့်ရွာသူ၊ ရွာသားများကို မေတ္တာထားဖို့၊ ချစ်ခင်ဖို့၊ သည်းခံခွင့်လွှတ်၍ ရန်စကားမပြောဖို့ စသဖြင့် ငြိမ်းချမ်းရေးတရား စိတ်ရှည်စွာပြောကြားဆွေးနွေးလေသည်။

ထိုအမျိုးသမီးက ဘာမှဝင်မပြော၊ ကောင်းပါပြီဟုလည်းမပြော။ မလိုက်နာနိုင်ပါဟုလည်း မပြော။ မထုံတက်သေးနှင့် ငြိမ်သက်စွာပဲနားထောင်သည်။

ထိုပုဂ္ဂိုလ်ပြောဆိုပြီး ပြန်ထွက်လာခဲ့သည်။

ယာခင်းတစ်ဝက်လောက်ရောက်မှ ခပ်လှမ်းလှမ်းမှ ခါးထောက်ရပ်လျက် ထိုအမျိုးသမီးက

"ဟော့ဟော့ ကော့လန်ကော့လန်နဲ့ သွားနေတဲ့ မျက်နှာမှာကျောက်ပေါက်အမာရွတ်ဗရပွနဲ့၊ ကုပ်တိုတို မျက်လုံးတစ်ဖက်ကန်းလူကြီးရေ ကျုပ်ကတော့ တွေ့တာမြင်တာတော့ ပြောရမှာပဲ တော်ရေ့။

စာမျက်နှာ ၁၁ သို့ ➤

# မာလာမြိုင်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် အတ္တလွန် ဇာတ်လမ်းတွဲကို HEY Play Application မှ နိုဝင်ဘာ ၁၆ရက်မှစ၍ ထုတ်လွှင့်ပေးမည်




**ရန်ကုန် နိုဝင်ဘာ ၁၂**

မာလာမြိုင်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် အတ္တလွန် ဇာတ်လမ်းတွဲကို HEY Play Application မှ နိုဝင်ဘာ ၁၆ ရက်မှစ၍ ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သရုပ်ဆောင် ဇာတ်မင်းသားကြီး တင်မောင်ဆန်းမင်းဝင်းက ပြောပြ၍ သိရသည်။

အတ္တလွန် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အဂ္ဂမာန်နှင့် ယုန်လေး(TMK)တို့က ရေးသားထားပြီး ယုန်လေး(TMK)က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ အဂ္ဂမာန်က မာလာမြိုင်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးသွားမည်ဖြစ်ပြီး HEY Play Application ရုပ်သံလိုင်းမှလည်း ရုပ်သံဇာတ်လမ်းတွဲအဖြစ် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက Horror ကိုမှ မေတ္တာဇာတ်ပုံစံလေးပါ။ ဒီဇာတ်လမ်းတွဲမှာ ကျွန်တော့်ရဲ့အမျိုးသမီးကတော့ ဖူးစုံပေါ့။ ရတနာဗိုလ်ရဲ့ အဖေနေရာက သရုပ်ဆောင်ထားတာပါ။ သမီးကို အရမ်းချစ်တော့ တမလွန်ဘဝထိ လိုက်စောင့်ရှောက်တဲ့ ဇာတ်လမ်းမျိုးဖြစ်ပါတယ်။ ကျွန်တော့်ရဲ့သားမက်က ထွန်းထွန်းဖြစ်နေတယ်။ ထွန်းထွန်းနဲ့က တစ်ကားလုံးမှာ မဆုံရသေးဘူး" ဟု သရုပ်ဆောင် ဇာတ်မင်းသားကြီး တင်မောင်ဆန်းမင်းဝင်းက ပြောပြသည်။

အတ္တလွန် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထွန်းထွန်း၊ တင်မောင်ဆန်းမင်းဝင်း၊ ရဲရင့်မောင်မောင်၊ ဘဂျမ်း၊ မျိုးကြည်၊ ဘုန်းမြတ်လင်း၊ ဖူးစုံ၊ ရတနာဗိုလ်၊ အေးသန္တာ၊ ထက်ယမင်းအိမ်၊ ဝဒီထွန်း၊ ကလေးသရုပ်ဆောင် ပြည်လင်းကျော်၊ ယွန်းဝတ်လွှာဖြူနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါဇာတ်လမ်းတွဲတွင် အပိုင်း ၁၆ ပိုင်း ပါရှိမည်ဖြစ်ကာ နိုဝင်ဘာ ၁၆ ရက်မှစ၍ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၇ နာရီတွင် ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ ASH

# အိပ်မက်ကာရန် ရုပ်ရှင်ဇာတ်ကား နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ပြသမည်ဖြစ်ကြောင်း သိရ

**ရန်ကုန် နိုဝင်ဘာ ၁၂**

Reddy Film Production မှ ရိုက်ကူးထုတ်လုပ်သည့် အိပ်မက်ကာရန်အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလအတွင်း နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ အိပ်မက်ကာရန်ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် လွှမ်းပိုင်က ပြောပြ၍ သိရသည်။

အဆိုပါ အိပ်မက်ကာရန်ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို တေးသံရှင် နီနီခင်ဇော်က ရေးသားထားကာ မိုးနီလွင်က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ အကယ်ဒမီ ဝင်းလွင်ထက်က Reddy Film Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ မြန်မာနိုင်ငံမှာ ပထမဆုံး Musical ရုပ်ရှင်ဇာတ်ကားလို့ ပြောလိုပါတယ်။ ထူးခြားချက်ကတော့ Musical Film ဖြစ်တဲ့အတွက် တေးသံရှင်တွေ အများကြီးပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ ဒီဇာတ်ကားရဲ့ Executive Producer ကလဲ အဆိုတော် နီနီခင်ဇော် ဖြစ်သလို ဒီဇာတ်ကားမှာ အကယ်ဒမီဇီရာမိုရ်က Music Director အဖြစ် ပါဝင်ပါသေးတယ်။ သီချင်းကြိုက်သူတွေကော ရုပ်ရှင်ကြိုက်သူတွေပါ အကြိုက်တွေ့မဲ့ဇာတ်ကားမို့ ရုံတင်ရင်လာကြည့်ပါ"ဟု သရုပ်ဆောင် လွှမ်းပိုင်က ပြောပြသည်။




အိပ်မက်ကာရန် အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် နေတိုး၊ လွှမ်းပိုင်၊ စိုင်းစည်သွမ်ခမ်း၊ အောင်ကိုမိုး၊ နီနီခင်ဇော်၊ ဝိုင်းလေး၊ ယွန်းရွှေရည်၊ ဆုမြတ်နိုးဦး၊ စင်သီယာ၊ ရွှေပိုးကောင်၊ ဆွိတို့အပြင် အထူးဧည့်သရုပ်ဆောင်အဖြစ် တေးသံရှင် အောင်ထက်၊ မေခလာ၊ တင်ဇာမော်၊ ချောစုခင်၊ နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# In the Cradle of Granite ဇာတ်ကား၌ မင်းသမီး မယ်လစ်ဆာအာရီရာ ပါဝင်မည်ဖြစ်

**နယူးယောက် နိုဝင်ဘာ ၁၂**

In the Cradle of Granite အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်တွင် မင်းသမီး မယ်လစ်ဆာအာရီရာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

In the Cradle of Granite ဇာတ်ကားသည် အမေရိကန်အနောက်ပိုင်း မြင်းစီးသေနတ်သမားများ လောကကို နောက်ခံထားရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ အာရီယယ်အက်စတာလန်တီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

၁၈၀၀ ပြည့်နှစ်ကာလကို နောက်ခံထားရိုက်ကူးမည့် In the Cradle of Granite ဇာတ်ကားတွင် မင်းသမီး မယ်လစ်ဆာအာရီယာသည် နာမည်ကျော် တောပုန်းတစ်ဦး၏အလောင်းကို နေအိမ်အဝတွင် တွေ့ရှိခဲ့ပြီးနောက် ဘဝအလှည့်အပြောင်းတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရသည့် အမျိုးသမီးတစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

In the Cradle of Granite ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျေးဟုမ်းက ရေးသားပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# Mickey 17 သိပ္ပံဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် ဧပြီ ၁၈ ရက်တွင် ရုံတင်မည်

**နယူးယောက် နိုဝင်ဘာ ၁၂**

Mickey 17အမည်ရှိ သိပ္ပံဇာတ်ကား ရုံတင်ပြသမည့်အချိန်ကို ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက ၂၀၂၅ ခုနှစ် ဧပြီ ၁၈ ရက်သို့ နောက်ဆုတ်ထားကြောင်း နိုဝင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

ဝါနာဘရားသားကုမ္ပဏီသည် မူလက Mickey 17 ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဝါနာဘရားသားကုမ္ပဏီသည် Mickey 17 ဇာတ်ကားရုံတင်ရက်ကို လအနည်းငယ် နောက်ဆုတ်၍ ၂၀၂၅ ခုနှစ် ဧပြီ ၁၈ ရက်မှသာ ကမ္ဘာတစ်ဝန်းရှိ အိုင်မက်စ်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသရန် စီစဉ်ထားသည်။

Mickey 17 ဇာတ်ကားသည် စာရေးဆရာ အက်ဒွပ်အက်ရှိတန်၏ Mickey 7 အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို အော်စကာဆုရ ကမ္ဘာကျော် တောင်ကိုရီးယားဒါရိုက်တာ အွန်ဂျောင်ဟိုးက တာဝန်ယူ ရိုက်ကူးပေးထားပြီး မင်းသား ရောဘတ်ပက်တင်ဆန် ပါဝင်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




➤စာမျက်နှာ ၁၀ မှအဆက်

လှမ်းအော်ပြောလိုက်ရာ စေ့စပ်ငြိမ်းချမ်းရေး ဆရာလည်း ကော့လန်ကော့လန်နှင့် ခပ်သုတ်သုတ် ပြန်ခဲ့ရလေသတည်း။

**နိဂုံး**

လူ့ဘုံလောက လူ့ဘဝကား အကောင်းအဆိုး အမျိုးမျိုးဒွန်တွဲနေလေ့ရှိပါသည်။ နေ့လည်းရှိ သည်၊ ညလည်းရှိမည်၊ နေလည်းရှိသည်၊ လလည်းရှိမည်။ ပူသည့်အခါ ပူမည်၊ အေးသည့်အခါ အေးမည်။ မကောင်းတာ၊ ပျက်တာ၊ နိမ့်ကျတာတွေချည်းရွေးပြီး ရေးနေပြောနေခြင်းကား ထိုသူ၏ စိတ်နေသဘောထားအခြေအနေအတိုင်း ထင်ဟပ်ခြင်းမျှသာ ဖြစ်ပေတော့သည်။ အပေါက်ဆိုးလျှင် အကျိုးမရှိပါ။ အသက်မငယ်တော့သော်လည်း ရာထူးတာဝန် မြင့်ပါသော်လည်း၊ အတွေ့အကြုံတွေရှိခဲ့ပါသော် လည်း၊ လက်ကိုင်ဖုန်းပေါ်မှာ သူတစ်ပါးကို မနာလို မရှုဆိတ်၊ အထင်လွဲ၊ မုန်းတီး၊ ရန်လိုအောင် နည်းအမျိုးမျိုးဖြင့် သွေးထိုး၊ သွေးခွဲ၊ လှုံ့ဆော်နေကြသူများ၏စကားကို နားမထောင်မိအောင်သာ သတိပြုရှောင်ရှားနိုင်ကြပါစေ။ အကျိုးမဲ့သောစကားမျိုး၊ စာမျိုးကိုမပြောမိ၊ မရေးမိပါစေနှင့်။ မိမိပြောသော စကားဖြစ်စေ၊ မိမိရေးသောစာဖြစ်စေ၊ နိုင်ငံကြီးသားပီသစွာ အောက်ပါအချက်များကို မပြောမီ၊ မရေးမီ ချင့်ချိန်စဉ်းစားမိပါစေ။

ဤစကား၊ ဤစာသည်-

**၁။ မိမိ၊ သူတစ်ပါး၊ လူအများကို ကောင်းကျိုး ဖြစ်စေပါမည်လား။ ကျေးဇူးပြုပါမည် သေချာရဲ့လား။**

**၂။ မေတ္တာဖြပွာစိုရ်တရား အခြေခံပါရဲ့လား။ (ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ မောဟပါ လျှင် မပြောသင့်၊ မရေးသင့်ပါ)**

**၃။ အခြေအနေအချိန်အခါနှင့် ဆီလျော်ပါရဲ့လား။**

**၄။ မှန်ကန်ပါ၏လား။**

**၅။ မိမိ၏ဆွေမျိုးဂုဏ်၊ လူမျိုးဂုဏ်၊ လူသားဂုဏ် ရည်နှင့်ဆီလျော်သင့်တော်ပါ၏လား။**

**၆။ မှန်သည်ဖြစ်စေဦး၊ အကျိုးရှိသည်ဆိုစေဦး၊ စေတနာပါသည်ဆိုစေဦး၊ မေတ္တာအရင်းခံသည်မှန်စေဦး၊ အဆင့်အတန်း၊ ဂုဏ်သိက္ခာနှင့်ညီပါသည်ဖြစ်စေဦး၊ (အဓိက)အချိန်အခါကာလက (ပြောရန်၊ ရေးရန်) သင့်လျော်ခြင်းရှိကြောင်း သေချာပါစေ။**

**(ဤအချက်ကိုမြတ်စွာဘုရားက အခါခါထည့်သွင်း ဟောကြားတော်မူခဲ့ပါသည်။ ဝါစာသုတ်အပါအဝင် အချိန်ကာလကိုအရေးကြီးစွာ ချင့်ချိန်ရန် သတိပေးတော်မူပါသည်။)**

# Families of Office of Commander-in-Chief (Army, Navy and Air) hold Maha Communal Kathina ceremony for 2024





Senior General Min Aung Hlaing, wife Daw Kyu Kyu Hla and congregation receiving the Nine Precepts from Sayadaws.

**Nay Pyi Taw November 12**

Families of Office of the Commander-in-Chief (Army, Navy and Air) held the Maha Communal Kathina ceremony for 2024 this morning at Anawratha Hall of Office of the Commander-in-Chief (Army), attended by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, who donated kathina robes and offertories.

Present were 27Sayadaws led by Chairman of State Sangha Maha Nayaka Committee Patron of Minkyaung Pahtamabyan pariyatti school in Thanlyin Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candiama Bhivamsa, Secretary of SSMNC Patron of Masoeyein Taikthit monastery Sayadaw of Dhamma Thamaindi pariyatti school Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vaselabhivamsa and Oavadacariya Sayadaws of Board of Trustees of Uppatasanti Pagoda. Also attended the ceremony together with the Senior General and wife were Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, SAC member Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, senior military officers from Office of Commander-in-Chief and wives, officers, other ranks and families.

The Senior General and wife and attendees observed the kathina robes and offertories hung on decorated stands. The Senior General paid homage and presented a meal in Emerald Bowl, flowers, water and lights to Buddha Image in the Anawrahta Hall.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer meals to Sayadaws.

According to the agenda, the congregation opened the ceremony by reciting namotassa three times and received the Nine Precepts from the SSMNC Chairman Sayadaw.

Sayadaws recited religious sermons. The Senior General and wife presented kathina robes to Sayadaw Agga Maha Pandita Bhaddanta Javana of Yezin KanU monastery, the kathina offerings recipient monastery, in Zeyathiri Township and kathina robes and offertories to the SSMNC Chairman Sayadaw.

The Vice-Senior General and wife presented kathina robes and offertories to SSMNC Secretary Sayadaw, the SAC member and wife presented offertories to Sayadaw of Yezin KanU monastery, and senior military officers and wives presented kathina robes and offertories to Sayadaws.

Two Sayadaws of Yezin KanU monastery conducted a kathina question and answer session.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer Kathina robes and alms to the SSMNC Chairman Sayadaw.

The SSMNC Secretary Sayadaw delivered a sermon and merits gained were shared.

After concluding the ceremony with the recitation of Buddha sasanam ciramtithatu three times, confetti were thrown to mark the success of the ceremony. After the ceremony, the Senior General and the congregation offered day meal to Sayadaws led by the SSMNC Chairman Sayadaw.

The decorated stands where kathina robes and offertories were hung were conveyed *See Page 13*



Senior General Min Aung Hlaing observes the Kathina robes and offertories hung on decorated stands.


Photo shows a display of the Kathina robes and offertories hung on decorated stands.


Photo shows a display of the Kathina robes and offertories hung on decorated stands.


The Kathina robes and offertories hung on decorated stands being conveyed in a motorcade.


The Kathina robes and offertories hung on decorated stands being conveyed in a motorcade.

*From Page 12*
from Anawrahta Hall in the compound of the Office of the Commander-in-Chief (Army) to Uppatasanti Pagoda in a motorcade on 10 November.

The relevant departments and sections of Office of the Commander-in-Chief (Army, Navy and Air) donated 90 the decorated stands with Ks 136,293,395 worth of in-kinds and Ks 106,985,010 worth of cash, totalling Ks 243,278,405 at the ceremony and transported the donations to the relevant monasteries by car. 100

# Sri Lankan navy arrests 12 Indian fishermen for poaching

**Colombo November 12**

Sri Lanka's navy said that it seized an Indian fishing vessel and arrested 12 Indian fishermen while they were poaching in Sri Lankan waters off Jaffna in northern Sri Lanka on Tuesday.

The navy said in a press release that it continues to conduct regular patrols and operations in Sri Lankan waters to curb illegal fishing practices by foreign fishing boats, taking into account the impact of those practices on the livelihood of local fishermen.

The seized boat and the Indian fishermen were brought to the Kankesanthurai Harbor and would be handed over to the local fisheries inspector for onward legal proceedings, the navy said.

With this seizure, the Sri Lankan navy has held 66 Indian fishing boats and 497 Indian fishermen in Sri Lankan waters in 2024, and handed them over to authorities for legal action, the navy said. Xinhua

# U.S.-led coalition launches 3 airstrikes on Yemen's Red Sea port city: Houthi TV

**Sanaa November 12**

U.S.-British navy coalition warplanes launched three airstrikes on the southern Yemeni Red Sea port city of Hodeidah Tuesday morning, Houthi-run Al-Masirah TV reported.

The airstrikes hit in the coastal area of Al-Fazah, west of Zabid district, reported Al-Masirah TV.

The Houthis, who control the strategic port city and several other Yemeni northern provinces, rarely disclose their casualties or losses.

Local residents said on social media that they heard explosions and saw a huge fire at the targeted site. They said the Houthis have cordoned off the area.

It is the fourth consecutive day of the reported airstrikes on Houthi targets. The coalition has yet to comment on the strikes.

In the past three days, the strikes targeted Houthi military sites in the capital city of Sanaa and the provinces of Amran and Saada, according to Houthi television and residents.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန်နိုင်ငံ JGSDFက 10kW ရှိသော အဆင့်မြင့် လေဆာအီလက်ထရွန်နစ်စစ်ဆင်ရေးတိုက်ယာဉ်သစ်ကို ထုတ်ဖော်ပြသ



ယခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ နှစ် ၇၀ပြည့်မြောက် စစ်ရေးပြအခမ်းအနားတွင် ဂျပန်ကြည်းတပ် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(JGSDF)သည် စွမ်းအင် 10kW ထွက်ရှိသော အဆင့်မြင့်လေဆာ အီလက်ထရွန်နစ် စစ်ဆင်ရေးတိုက်ယာဉ်သစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံ ကာကွယ်ရေးပစ္စည်းဝယ်ယူရေးအေဂျင်စီက တီထွင်ထုတ်လုပ်ထားသည့် ဤခေတ်မီလေဆာစနစ်သည် စစ်မြေပြင် ခြိမ်းခြောက်မှုများကို တန်ပြန်ရာတွင် ပိုမိုအရေးပါလာလျက်ရှိရာ ဂျပန်နိုင်ငံ၏ တိုက်ရိုက်စွမ်းအင်သုံးလက်နက် (DEW) စွမ်းဆောင်ရည်တွင် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှု တစ်ရပ်ပင်ဖြစ်သည်။

စွမ်းအင်အနေဖြင့် 10kW ထွက်ရှိသော စွမ်းအားမြင့်လေဆာအီလက်ထရွန်နစ်စစ်ဆင်ရေးတိုက်ယာဉ်သည် ရန်သူ့မောင်းသူမဲ့လေယာဉ်များ၊ အနိမ့်ပျံဒုံးကျည်များအပါအဝင် လေကြောင်းနှင့် ဒုံးကျည် ခြိမ်းခြောက်မှုများကို တန်ပြန်ရန် ဒီဇိုင်းထုတ်ထားသော ဆန်းသစ်တီထွင်မှုတစ်ရပ်ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနအတွင်း အဓိကကျသောကာကွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်မှုကို ဦးဆောင်နေသည့် ဂျပန်နိုင်ငံကာကွယ်ရေးပစ္စည်းဝယ်ယူရေးအေဂျင်စီသည် လျှပ်စစ်သံလိုက်လှိုင်းနှင့် လေဆာအခြေခံနည်းပညာ နှစ်မျိုးစလုံးတွင် တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ကြိုးပမ်းအားထုတ်နိုင်ခဲ့သည်။ အထူးသဖြင့် ဤစနစ်သည် လျင်မြန်စွာတိုးတက်နေသော ဒရုန်းစစ်ဆင်ရေးနှင့် ရှုပ်ထွေးနက်နဲသောဝေဟင်ခြိမ်းခြောက်မှုများ၏ နောက်ကွယ်တွင် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းရန် ရုန်းကန်နေရသော သမားရိုးကျလေကြောင်းရန်ကာကွယ်ရေးစနစ်များ၏စွမ်းဆောင်ရည်ကိုအဆင့်မြှင့်တင်ရန်ရည်ရွယ်၍ ကာကွယ်ရေးကဏ္ဍ ခေတ်မီအဆင့်မြှင့်တင်ရေးအတွက် ပိုမိုကျယ်ပြန့်စွာ ကြိုးပမ်းအားထုတ်လာမှုများလည်းဖြစ်သည်။

ရှစ်ဘီးတပ် ထရပ်ကားကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားသောစွမ်းအားမြင့်လေဆာစနစ်ကြောင့် မြေမျက်နှာသွင်ပြင်အမျိုးမျိုးတွင် လိုက်လျောညီထွေဖြစ်စွာ အလျင်အမြန် တပ်ဖြန့်အသုံးပြုနိုင်စွမ်းရှိမည်ဖြစ်သည်။ လေဆာလက်နက်စနစ်၏ 10kW စွမ်းအင်ထွက်ရှိမှုနှုန်းသည် တာတိုမှ တာလတ်အတွင်း ဒရုန်းနှင့်ဒုံးကျည်များကို အီလက်ထရွန်နစ်နည်းလမ်းဖြင့် ဟန့်တားခြင်းဖြစ်စေ၊ မီးလောင်ပျက်စီးသည်ထိဖြစ်စေ တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် သမားရိုးကျခဲယမ်းများ အသုံးပြုတိုက်ပွဲဝင်မှုနှင့်ဆက်စပ်၍ ဘေးထွက်ဆိုးကျိုးများ၊ တိုက်ပွဲဝင်ကုန်ကျစရိတ်များကို အနည်းဆုံးဖြစ်စေပြီး အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သော တိကျလေဆာလက်နက်စနစ်ကို အီလက်ထရွန်နစ်စစ်ဆင်ရေးတိုက်ယာဉ်အဖြစ် ပေါင်းစည်းအသုံးပြုနိုင်ခြင်းဖြင့် နည်းဗျူဟာမြောက်အားသာချက်များ ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

JGSDF ၏ လေဆာလက်နက်စနစ်ဖွံ့ဖြိုးတိုးတက်မှုသည် ပြောင်းလဲနေသော စစ်မြေပြင်တောင်းဆိုချက်များကို ဖြည့်ဆည်းရန်အတွက် ကုန်ကျစရိတ်သက်သာသော အဆင့်မြင့်ကာကွယ်ရေးဖြေရှင်းချက်ဆီသို့ ပြောင်းလဲဖော်ဆောင်နေမှုကိုအလေးပေး ဖော်ပြနေခြင်းလည်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ 10kW အမျိုးအစားစွမ်းအားမြင့်လေဆာစနစ် အီလက်ထရွန်နစ် စစ်ဆင်ရေးတိုက်ယာဉ်ကိုပြသလိုက်ခြင်းသည် ခေတ်နှင့်အညီ ကာကွယ်ရေးရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်နေမှုကို ထင်ဟပ်စေသည်။ ရွေ့လျားစစ်ကစားနိုင်မှု၊ တိကျမှုနှင့် လိုက်လျောညီထွေရှိမှုတို့ကို ပေါင်းစပ်ထားသည့် လေဆာနည်းပညာသစ်သည် ဂျပန်နိုင်ငံ၏ မဟာဗျူဟာမြောက်တိုက်ပွဲဝင်အသင့်ဖြစ်မှုကို အဆင့်မြှင့်တင်ပေးပြီး အာရှ-ပစိဖိတ်ဒေသတစ်ဝန်း တည်ငြိမ်လုံခြုံရေးကိုထိန်းသိမ်းရာတွင် မရှိမဖြစ်လိုအပ်သောစွမ်းအားစုများကို ပိုင်ဆိုင်ထားမှုကို ဖော်ညွှန်းပြသနေခြင်းဖြစ်ကြောင်း သိရသည်။

**Breaking News: Japan's Ground-breaking 10kW High-Power Laser Weapon Truck Enters Service with Japanese Army ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်က အီရန်ကျောထောက်နောက်ခံပြု ဟူသီလက်နက်သိုလှောင်ရုံများကို လေကြောင်းမှတိုက်ခိုက်ခဲ့

အမေရိကန်စစ်လေယာဉ်များသည် ယီမင်ရှိ အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်များ၏ အဆင့်မြင့်လက်နက်သိုလှောင်ရုံများကို နိုဝင်ဘာ ၉ ရက်ညတွင် လေကြောင်းတိုက်ခိုက်မှု အများအပြားပြုလုပ်ခဲ့သည်ဟု ပင်တဂွန်စစ်ဌာနချုပ်က ထုတ်ပြန်ခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့တစ်လျှောက်နိုင်ငံတကာရေပိုင်နက်အတွင်း သွားလာနေသည့် စစ်ဘက်နှင့်အရပ်ဘက်သင်္ဘောများကို ပစ်မှတ်ထားတိုက်ခိုက်ရန် အသုံးပြုသည့် လက်နက်မျိုးစုံ သိုလှောင်ရုံများဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

Sanaa မြို့တော်၏ တောင်ပိုင်း Al Sabeen ခရိုင်ကို အမေရိကန်နှင့် ဗြိတိန်တို့က စီးနင်းတိုက်ခိုက်မှုသုံးခုနှင့် ပတ်သက်၍ မြို့တော် Sanaa ၏ နေရာတော်တော်များများတွင် ပေါက်ကွဲသံများနှင့် အတူ လေယာဉ်ပျံသန်းသံများကြားနေရသည်ဟု မျက်မြင်သက်သေများက ပြောကြားကြောင်း ဟူသီအဖွဲ့ပိုင် Al Masirah ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြောကြားခဲ့သည်။

ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့တို့တွင် ဟူသီအဖွဲ့များ၏တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် ဇန်နဝါရီလကတည်းက အမေရိကန်နှင့် ဗြိတိန်တို့သည် ယီမင်ရှိဟူသီပစ်မှတ်များကို အကြိမ်ကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ အဆိုပါတိုက်ခိုက်မှုသည် ကမ္ဘာလုံးဆိုင်ရာ အရေးကြီးသောပင်လယ်ရေလမ်းကြောင်းတွင် အနှောင့်အယှက်ဖြစ်စေသည့် တိုက်ခိုက်မှုဖြစ်ပြီး အစ္စရေးနှင့်ဆက်နွှယ်နေသော သင်္ဘောများကို ပစ်မှတ်ထားပြီး ဂါဇာစစ်ပွဲအတွင်း ပါလက်စတိုင်းများနှင့် စည်းလုံးညီညွတ်မှုကို သတင်းစကားပေးပို့ရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဟူသီအဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုများသည် ကမ္ဘာ့ကုန်သွယ်မှု၏ ၁၂ ရာခိုင်နှုန်းကို သယ်ယူပို့ဆောင်ကူးလူးနေသည့် ပင်လယ်နီပင်လယ်ရေကြောင်းလမ်းကို အကြီးအကျယ် အနှောင့်အယှက်ဖြစ်စေခဲ့သည်။ တစ်နှစ်နီးပါးအကြာ ဟူသီအဖွဲ့၏ တိုက်ခိုက်မှုပေါင်း ၁၀၀ ကျော်အတွင်း သင်္ဘောသားလေးဦး သေဆုံးပြီး သင်္ဘောနှစ်စီး နစ်မြုပ်ခဲ့ကာ သင်္ဘော တစ်စီးနှင့် ၎င်း၏ အမှုထမ်းများကို နိုဝင်ဘာလက ပြန်ပေးဆွဲခံထားရပြီးနောက် ဟူသီအဖွဲ့က ဆက်လက် ထိန်းသိမ်းထားဆဲဖြစ်သည်။



ဟူသီခေါင်းဆောင် Abdul Malik al-Houthi က အစ္စရေးနိုင်ငံကိုထောက်ခံသော အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်အပေါ် ပြစ်တင်ဝေဖန်ပြီးနောက် ယခုကဲ့သို့ လေကြောင်းတိုက်ခိုက်မှုများ ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် လက်ထက် ကြားဝင်ဆောင်ရွက်ပေးခဲ့သော အာရပ်နိုင်ငံများနှင့် အစ္စရေးတို့ကြား ပုံမှန်ပြန်ဖြစ်ရေး သဘောတူညီချက်များသည် အရှေ့အလယ်ပိုင်းပဋိပက္ခကို အဆုံးတိုင်အောင် မစွမ်းဆောင်နိုင်ခဲ့ဘဲ လာမည့် ၎င်း၏ ဒုတိယသက်တမ်းတွင် ထပ်မံကျရှုံးသွားလိမ့်မည်ဖြစ်ကြောင်း ဟူသီအဖွဲ့က ထည့်သွင်းပြောကြားခဲ့သည်။

လက်ရှိအချိန်ထိ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သော အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများသည် တင်းမာမှုများတိုးမြင့်လာကာ ဟူသီအဖွဲ့၏ တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံကလည်း ယီမင်တွင် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**US Warplanes Attack Iran-Backed Houthi Targets in Yemen: Pentagon ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ



ရန်ကုန် နိုဝင်ဘာ ၁၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E.Mr. Iskander Azizovနှင့် တာဝန်ရှိသူများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို Lotte ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း သီးထပ်ရင် စပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း သီးထပ်ရင် စပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြ၍ သိရသည်။



မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်း သီးထပ်ရင်စပါးတင်းရေ ၄၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ သီးထပ်ရင် စပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်ထဲကိုပြီးခဲ့တဲ့အောက်တိုဘာလအတွင်း သီးထပ်ရင် စပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ မအူပင်မြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်စပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲ့ဒီ သီးထပ်ရင်စပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အား ကောင်းလာတာဖြစ်ပါတယ်။ ပြည်တွင်းဆန်၊ စပါးဈေးကွက်မှာကို သီးထပ်ရင်စပါးက အဝယ်လိုက်နေပါတယ်'' ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် မယ်ဇလီတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မင်းလှ နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သွားလာမှုလွယ်ကူစေရန် ရည်ရွယ်၍ ယခုဘဏ္ဍာနှစ်တွင် မယ်ဇလီတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မယ်ဇလီတောကျေးရွာ၌ လမ်းအရှည် ၆၆၃ ပေ၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ တာဝန်ရှိသူများ၊ ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးရွာတွင်း ကွန်ကရစ်လမ်းကို အကျိုးရှိစွာ အသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေး အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မင်းလှမြို့နယ် မယ်ဇလီတောကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၄ ဒသမ ၅သန်း စုစုပေါင်း ငွေကျပ် ၁၉ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် မယ်ဇလီတောကျေးရွာရှိ အိမ်ခြေ ၃၉၀ အိမ်မှလူဦးရေ ၁၅၄၈ ဦးတို့၏ သွားလာမှု လွယ်ကူနေပြီ ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုလေး**




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၂-၁၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၆၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၉၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

**ရှေ့ဖုံးမှအဆက်**

သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများအမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး



သန်လျင်မင်းကျောင်းဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ဦးစီးချုပ်သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကိုနာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးစဉ်။

ဦးစီးချုပ်၊ ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်းအသီးသီးသို့လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ကထိန်ခံ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကံဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝနထံ ကထိန်လျာသင်္ကန်းကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကောင်စီဝင် ညို့နိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီးတို့က ရေဆင်းကံဦးကျောင်းဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသည့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရေဆင်းကံဦးကျောင်းတိုက်မှ ဆရာတော်နှစ်ပါးတို့က ကထိန်အမေးအဖြေများကို ဆောင်ရွက်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး မဟာဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မိသားစုမဟာဘုံကထိန် အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များအား **စာမျက်နှာ ၁၈ သို့**





ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ရေဆင်းကံဦးကျောင်း ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ညို့နှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးထိန်ဝင်း နှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ တာဝန်ရှိသူတစ်ဦးက ပဒေသာပင် ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ တာဝန်ရှိသူတစ်ဦးက ပဒေသာပင် ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ တာဝန်ရှိသူတစ်ဦးက ပဒေသာပင် ဆက်ကပ်လှူဒါန်းစဉ်။

ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာ သင်္ကန်းလှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို တွေ့ရစဉ်။





ဆရာတော်ထံ တာဝန်ရှိသူများက ပဒေသာပင် ဆက်ကပ်လှူဒါန်းစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

နိုဝင်ဘာ ၁၀ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ခဲ့သည်။

ယနေ့ ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင်စုစုပေါင်း ၉၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၁၃၆၂၉၃၃၉၅ နှင့် ငွေသား တန်ဖိုးငွေကျပ် ၁၀၆၉၈၅၀၁၀ ဖြစ်သဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၄၃၂၇၈၄၀၅ ကိုလှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာ သင်္ကန်းလှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို တွေ့ရစဉ်။







ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မိသားစုမဟာဘုံကထိန် အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်စဉ်။

# အာရှကိုမဏ္ဍိုင်ပြု ဖွံ့ဖြိုးမည့် ဤကမ္ဘာမှာ

**ထက်မြတ်**

ဒီတစ်ခေါက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သွားရောက်ခဲ့တဲ့ တရုတ်နိုင်ငံခရီးစဉ်က တော်တော်လေးကို ထူးခြားမှုတွေရှိနေတာ တွေ့ရပါတယ်။ အရင်ဆုံးမြန်မာ့အမြင်နဲ့ကြည့်မယ်ဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ခရီးစဉ်က မြန်မာနိုင်ငံအတွက် ကောင်းကျိုးများစွာကို ဆောင်ကြဉ်းပေးနိုင်ခဲ့သလို ကျွန်တော်တို့မြန်မာနိုင်ငံကြီး ဒီထက်ပိုပြီးဖွံ့ဖြိုးတိုးတက်မယ့်အခွင့်အလမ်း အမြောက်အမြားကိုလည်း သယ်ဆောင်လာပေးနိုင်ခဲ့တာ တွေ့ရပါတယ်။ ဒီနေရာမှာ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရရဲ့တာဝန်က ဘယ်လောက်အထိကြီးမားတယ်။ ပါဝင်ဆောင်ရွက်ရတဲ့အခန်းကဏ္ဍက ဘယ်လောက်အထိအရေးပါတယ်။ အစိုးရအဖွဲ့ရဲ့ဦးဆောင်သူခေါင်းဆောင်ကောင်း တစ်ယောက်ဟာအခွင့်အရေးသာရမယ်ဆိုရင်၊ အခွင့်အရေးရအောင်သာကြိုးပမ်းမယ်ဆိုရင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ နိုင်ငံတော်ရဲ့အမျိုးသားအကျိုးစီးပွားအတွက်ကို ဘယ်လောက်အတိုင်းအတာအထိ လုပ်ဆောင်ပေးနိုင်တယ်ဆိုတာ နောင်လာနောက်သားတွေအနေနဲ့ မျက်မြင်ထင်ရှားကြုံတွေ့သင်ယူခွင့်ရရှိလိုက်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ မျိုးဆက်သစ်တစ်ယောက်ဖြစ်တဲ့ မိမိအနေနဲ့ အခုလိုမျိုး နိုင်ငံတော်အစိုးရတစ်ရပ်ရဲ့ အဓိကအားဖြင့် နိုင်ငံတော်အကြီးအကဲ တစ်ယောက်ရဲ့တာဝန်ဘယ်လောက်အထိကြီးမားတယ်ဆိုတာကို သင်ယူခွင့်ရတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ဦးစွာပထမပြောလိုပါတယ်။





**ပူးပေါင်းဆောင်ရွက်မှုအတွက် အစည်းအဝေးများ**

နိုင်ငံတော်အကြီးအကဲက နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံကိုသွားရောက်ခဲ့တာပါ။ အဲဒီခရီးစဉ်မှာ အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ချောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနဲ့ (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို - မြန်မာ - ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး တို့ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။

ဒီအစည်းအဝေးသုံးခုဟာ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ သိပ်ကိုအရေးကြီးတဲ့ အစည်းအဝေးတွေဖြစ်တယ်ဆိုတာ အသေအချာပါပဲ။ ဒါ့အပြင် နိုင်ငံတော်အကြီးအကဲက နောက်ထပ်အရေးကြီးတဲ့ အစည်းအဝေးတွေကိုလည်း တက်ရောက်ခဲ့ပါသေးတယ်။

အဲဒီအစည်းအဝေးတွေကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီကျန်းနဲ့ တွေ့ဆုံမှု၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာဝမ်နင်းတို့နဲ့ တွေ့ဆုံမှုအပြင် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနဲ့ တွေ့ဆုံမှုသည်လည်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် သိပ်ကိုအရေးပါတဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဖြစ်ခဲ့ပါတယ်။ ဒါတင်မကပါဘူး။ နိုင်ငံတော်ဝန်ကြီးချုပ်က အစည်းအဝေးကိုတက်ရောက်လာတဲ့ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း စတဲ့ အိမ်နီးချင်းနဲ့ ဒေသတွင်းနိုင်ငံများမှ ခေါင်းဆောင်များနဲ့လည်း နှစ်နိုင်ငံချင်းစီ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပါသေးတယ်။ ဒီလိုဆွေးနွေးမှုတွေကနေ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဆက်လက်လုပ်ဆောင်သွားဖို့အတွက် သဘောတူညီချက်တွေလည်း ရရှိခဲ့တာ တွေ့ရပါတယ်။

**မြန်မာနိုင်ငံနဲ့ပြည်သူများအတွက် အကျိုးရှိစေမယ့်ဆွေးနွေးမှုများ**

နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ တရုတ်ခရီးစဉ်အတွင်းမှာရရှိခဲ့တဲ့ သဘောတူညီချက်တွေ၊ ကတိကဝတ်တွေကိုကြည့်လိုက်ရင် မြန်မာနိုင်ငံနဲ့ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် ဆွေးနွေးမှုများသာဖြစ်ပါတယ်။ အရင်ဆုံး တရုတ်နိုင်ငံရဲ့ ကတိကဝတ်ပြုမှုများကို ဦးစွာပထမ တင်ပြလိုပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် အပြည့်အဝထောက်ခံအားပေး ကူညီသွားမည်ဖြစ်ပြီး အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် ထာဝရရပ်တည်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံ၏ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ဆန္ဒပြုကူညီမည့်အကြောင်း၊ မြန်မာနိုင်ငံမြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးသည်အရေးကြီးပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်း အသိအမှတ်ပြုကြောင်းနှင့် တရုတ်နိုင်ငံအတွင်းအခြေပြု၍ မြန်မာနိုင်ငံ၏အကျိုးပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်ခံမည်မဟုတ်ကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဂိတ်များသည် အစိုးရ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်ဖြစ်ပြီး အပြည့်အဝ စီမံခန့်ခွဲနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ် - မြန်မာစီးပွားရေးစင်္ကြံ တည်ဆောက်ရေးသည် ထိပ်တန်းစီမံကိန်းဖြစ်သဖြင့် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအရေးသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအရေးပင်ဖြစ်သဖြင့် နိုင်ငံတကာစာမျက်နှာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ရပ်တည် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို တရုတ်နိုင်ငံဝန်ကြီးချုပ်က ကတိပြုခဲ့တာပါ။

ဒါ့အပြင် ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြား နားလည်မှုစာချွန်လွှာနဲ့ သဘောတူစာချုပ် ခုနစ်ခုကိုလည်း လက်မှတ် ရေးထိုးနိုင်ခဲ့ပါသေးတယ်။



အဲဒီလို သဘောတူညီချက်တွေထဲကမှ သင်တန်းကျောင်းများအဆင့်မြှင့်တင်ခြင်း စီမံကိန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် ဓာတုဆိုင်ရာလိုအပ်ချက်များနှင့် အပင် ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူညီချက်၊ တိကျစွာ တိုင်းတာခြင်းနည်းပညာ ပူးပေါင်းဆောင်ရွက်မှုနဲ့ အားကစားမြှင့်တင်ရေးနားလည်မှု သဘောတူညီချက်များဟာ မြန်မာနိုင်ငံအတွက် အင်မတန်မှအကျိုးကျေးဇူးများတဲ့ သဘောတူညီချက်တွေဖြစ်တာ အမှန်ပါပဲ။

ဒါ့အပြင် ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲက အစည်းအဝေးကို တက်ရောက်လာတဲ့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်တို့နဲ့ နှစ်နိုင်ငံကြား ဆက်ဆံရေးခိုင်မြဲစေဖို့နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေအတွက် အောက်ပါအကြောင်းအရာများနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေလုပ်ခဲ့ပါသေးတယ်-

(၁) နိုင်ငံများကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်တည်ဆောက်သွားမည့်အခြေအနေများ။

(၂) မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် လက်ရှိပကတိအခြေအနေများ။

(၃) လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ။

(၄) အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံး ပူးပေါင်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများ။

(၅) အာဆီယံ အစည်းအဝေးများတွင် မြန်မာနိုင်ငံမှ ပါဝင်နိုင်မှု အခြေအနေများ။

(၆) မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် လိုအပ်သည့်အခြေအနေများနှင့် ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့မှလည်း အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ။

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

(၇) မြန်မာ-ကမ္ဘောဒီးယား-လာအို နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့်သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ။



(၈) ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များ။

(၉) နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များဖြစ်ပါတယ်။

**တရုတ်နိုင်ငံရဲ့အမြော်အမြင်**

အထက်မှာဖော်ပြခဲ့တဲ့ ထိပ်သီးအစည်းအဝေးတွေထဲမှာ တရုတ်နိုင်ငံအနေနဲ့ တိုက်ရိုက်ပါဝင်ပတ်သက်မှုရှိတာက မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးတစ်ခုတည်းမှာပါ။ ဒါပေမဲ့ ထိပ်သီးအစည်းအဝေး သုံးခုစလုံးကိုသာမက တခြားသောဆက်စပ်အစည်းအဝေးတွေကိုလည်း တရုတ်အစိုးရက လက်ခံကျင်းပခဲ့ပါတယ်။ ဒီအခြေအနေက နည်းနည်းလေးတော့ ထူးခြားနေတာအမှန်ပါပဲ။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အကြီးအကဲက တရုတ်နိုင်ငံကိုသွားပြီး အစည်းအဝေးတွေ တက်မယ်ဆိုတဲ့သတင်း ကြားတုန်းက အတွေးတစ်ခုဝင်ခဲ့ဖူးပါတယ်။ ဘာလဲဆိုတော့ ဒီအစည်းအဝေးတွေမှာ တရုတ်နိုင်ငံရဲ့ တိုက်ရိုက်ပါဝင်ပတ်သက်မှုက နည်းပါးနေတာတောင်မှ ဘာကြောင့်များ ဒီလိုမျိုးအစည်းအဝေးတွေကို လက်ခံကျင်းပရတာလဲဆိုပြီးတော့ပါ။ ဒါပေမဲ့ ကိုယ်ကပဲ သိနိုင်တဲ့ဉာဏ်နည်းလို့လား တော့မသိပါဘူး။ အဖြေကိုမသိခဲ့တာ အမှန်ပါပဲ။

အခု နိုင်ငံတော်အကြီးအကဲအနေနဲ့ ဒီခရီးစဉ်ကိုသွားရောက်ပြီး ပြန်လာတဲ့အခါကျမှသာ ဒီခရီးစဉ်ရဲ့အရေးပါမှုနဲ့ တရုတ်နိုင်ငံရဲ့ အမြော်အမြင်ကြီးမားမှုကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသလို တရုတ်အစိုးရအနေနဲ့ ဘာကြောင့်များ အခုလိုမျိုးအစည်းအဝေးတွေကို လက်ခံကျင်းပရတယ်ဆိုတဲ့ အကြောင်းရင်းကို သိရှိလိုက်ရပါတယ်။ ဒီအချိန်မှာ နိုင်ငံတော်အကြီးအကဲရဲ့ခရီးစဉ်ကို မြန်မာကြည့်မဟုတ်ဘဲ ကမ္ဘာကြည့်အနေနဲ့ ဆက်ပြီးရှုမြင်မိပါတော့တယ်။ အရင်ဆုံး ကျွန်တော်တို့အနေနဲ့ ဒီအစည်းအဝေးတွေကိုလက်ခံကျင်းပတဲ့ တရုတ်နိုင်ငံရဲ့ ရည်ရွယ်ချက်ကို ကြည့်လိုက်ရအောင်ပါ။ တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာထွန်းသစ်ထိပ်တန်းနိုင်ငံကြီး တစ်နိုင်ငံဖြစ်သလို ဒုတိယမြောက် စီးပွားရေးအင်အားကြီး နိုင်ငံလည်းဖြစ်ပါတယ်။

ဒါ့အပြင် သူ့ရဲ့ မဟာဗျူဟာကို မျှော်ကြည့်ပြန်ရင်လည်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းရေးကို ဗဟိုပြုတဲ့ နိုင်ငံအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုဆီ လျှောက်လှမ်းနေတာကို မြင်တွေ့ရမှာပါ။



ဒီလိုမျိုးလျှောက်လှမ်းရာမှာ ဒေသတွင်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုက သိပ်ကိုအရေးကြီးပါတယ်။ အိမ်နီးချင်းမှာ၊ ဒေသတွင်းမှာတိုးတက်ပါမှ ကမ္ဘာတစ်ဝန်းတိုးတက်မှုဆီ ဆက်လက်လျှောက်လှမ်းနိုင်မှာမဟုတ်ပါလား။ ဒါကြောင့် တရုတ်အစိုးရက မဟာမဲခေါင်ဒေသခွဲ အစည်းအဝေးကို ကျင်းပမှုနဲ့အတူ ဆက်စပ် အစည်းအဝေးတွေကိုလည်း အစည်းအဝေး တက်ရောက်လာကြတဲ့ နိုင်ငံများနဲ့ တရုတ်နိုင်ငံတို့ကြား အပြန်အလှန် အကျိုးစီးပွားများတိုးတက်ပွားများစေဖို့အတွက် ရည်မှန်းကာ ဆွေးနွေးမှုတွေ လုပ်မယ်ဆိုတဲ့ဆန္ဒနဲ့ လက်ခံကျင်းပပေးခဲ့တာတွေ့ရပါတယ်။

နိုင်ငံတကာသတင်းထုတ်ပြန်ချက်တွေကိုကြည့်မယ်ဆိုရင် သူတို့ရဲ့ရည်ရွယ်ချက်နဲ့ဆန္ဒပြည့်ဝတယ်လို့ပြောနိုင်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြားရရှိတဲ့သဘောတူညီချက်တွေကို ကြည့်မယ်ဆိုရင်ပဲ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံမှုတွေ လုပ်မယ်ဆိုတာတွေ့ရပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံမှုလုပ်တယ်ဆိုတာ သူ့ဘက်ကိုယ့်ဘက် နှစ်ဦးစလုံးအတွက် ဘယ်သူ့ဘယ်သူမှ ဆုံးရှုံးနစ်နာခြင်းမရှိပါဘဲ စီးပွားဖြစ်ထွန်းတဲ့ဆောင်ရွက်မှုတစ်ခုဖြစ်တာ အားလုံးအသိပါ။ တရုတ်နိုင်ငံက မြန်မာနိုင်ငံနဲ့သာမက တခြားသောနိုင်ငံများနဲ့လည်း အလားတူ သဘောတူညီချက်တွေ ရရှိခဲ့ပါသေးတယ်။

**တရုတ်နိုင်ငံဦးဆောင်တဲ့ တောင်ကမ္ဘာခြမ်း**

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပဲ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံကနေ ပြန်လာခါနီးအချိန်မှာပဲ တရုတ်နိုင်ငံကို အင်ဒိုနီးရှားသမ္မတ လာရောက်ကာ တရုတ်နိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ကြား အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိတဲ့ သဘောတူညီချက်တွေကို လက်မှတ်ထိုးလိုက်နိုင်တာတွေ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ စင်ကာပူနိုင်ငံကို သွားရောက်




တဲ့ တရုတ်ဒုတိယဝန်ကြီးချုပ်ကလည်း တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် ၂၅ ရပ်ကို လက်မှတ်ရေးထိုးလိုက်နိုင်ပါသေးတယ်။ ဒီအခြေအနေတွေကနေ ဖော်ပြနေတဲ့အရာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံပါဝင်သော အရှေ့တောင်အာရှဒေသကိုလွှမ်းခြုံထားတဲ့ အာရှဒေသတစ်ခုလုံးဟာ ကမ္ဘာ့စီးပွားရေးအတွက် မဏ္ဍိုင်တစ်ခုဖြစ်လာပြီဆိုတဲ့ အချက်ပါပဲ။

အမြော်အမြင်ကြီးမားလှတဲ့ တရုတ်နိုင်ငံရဲ့လုပ်ဆောင်မှုတစ်ခုကိုပြပါဆိုရင် ခါးပတ်တစ်ကွင်း၊လမ်းတစ်ကြောင်းလို့ခေါ်တဲ့ မဟာဗျူဟာမြောက်စီမံကိန်းကြီးကို လက်ညှိုးထိုးပြရပါလိမ့်မယ်။ ဒီစီမံကိန်းမှာ ကျွန်တော်တို့မြန်မာနိုင်ငံကလည်း မဟာဗျူဟာမြောက်အချက်အချာနေရာကနေ ပါဝင်နေတာတွေ့ရပါတယ်။ ဒီစီမံကိန်းကြီးကနေ ဆောင်ကြဉ်းပေးလာနိုင်တဲ့ အရာကြီးတစ်ခုကတော့ ဒေသတွင်းမှာသာမက တစ်ကမ္ဘာလုံးရဲ့ဖွံ့ဖြိုးတိုးတက်မှုကြီးပဲဖြစ်ပါတယ်။ နောက်တစ်ချက်က လက်ရှိအချိန်မှာ တောင်ကမ္ဘာခြမ်းအဖွဲ့အစည်းဆိုတာက တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်မှုတွေ မြင့်မားလာနေတဲ့ ဒေသကြီးဖြစ်ပြီး အဲဒီအဖွဲ့အစည်းထဲမှာ ထွန်းသစ်စနိုင်ငံတွေ ပါဝင်နေပါတယ်။ အများအားဖြင့်က အာရှဒေသနိုင်ငံများပါ။ ဒီလိုမျိုးထွန်းသစ်စနိုင်ငံတွေကို ဦးဆောင်လာတဲ့နိုင်ငံကိုပြပါဆိုရင်လည်း တရုတ်နိုင်ငံကိုသာ လက်ညှိုးထိုးပြရမှာဖြစ်ပါတယ်။ ဒါပေမဲ့ တရုတ်နိုင်ငံက သူတစ်နိုင်ငံတည်းဦးဆောင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို သွားနေတာမဟုတ်ပါဘူး။

အကြောင်းရင်းက ဇောင်ရိုးကမ္ဘာကြီးကနေ ဗဟုဝင်ရိုးကမ္ဘာကြီးကိုဖော်ဆောင်မယ်ဆိုတဲ့ တရုတ်နိုင်ငံရဲ့ ကတိပြုမှုကြောင့်ပါ။ ဒါကြောင့်လည်း တရုတ်နိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က အင်ဒိုနီးရှားသမ္မတ မစ္စတာပရာဘိုဝိုဆူဘီယန်တိုနဲ့ တွေ့ဆုံစဉ် အင်ဒိုနီးရှားနိုင်ငံကိုလည်း တောင်ကမ္ဘာခြမ်းအဖွဲ့အစည်းကို ပူးတွဲဦးဆောင်သွားကြဖို့ ဖိတ်ခေါ်တိုက်တွန်းခဲ့တာဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံဆိုတာကလည်း ကမ္ဘာပေါ်မှာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံတစ်နိုင်ငံပါ။ ဒါ့အပြင် စင်ကာပူနိုင်ငံဆိုသည်မှာလည်း ကမ္ဘာ့စီးပွားရေးဗဟိုချက်တစ်ခုလည်း ဖြစ်လာနေပါတယ်။ ထို့အတူ ဗီယက်နမ်နိုင်ငံတို့၊ ထိုင်းနိုင်ငံတို့ဆိုတာ ဒေသတွင်းမှာဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံများသာမက ကမ္ဘာ့အဆင့်အထိတက်လှမ်းဖို့အတွက် ခြေလှမ်းပြင်နေကြတဲ့နိုင်ငံများဖြစ်တယ်လို့ ပြောရင်လည်း မမှားနိုင်ပါဘူး။

**ကျေးဇူးအနန္တပါခင်ဗျာ**

ကျွန်တော်တို့မြန်မာနိုင်ငံဆိုသည်မှာလည်း ဖွံ့ဖြိုးတိုးတက်မှုတွေဆီဦးတည်နေတဲ့နိုင်ငံဖြစ်လာပါပြီ။ ဒီလိုဖြစ်လာအောင်ပဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်တဲ့ အစိုးရအဖွဲ့က တရုတ်နိုင်ငံနဲ့သာမက ဒေသတွင်းနိုင်ငံများနဲ့ပါ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်လာနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ ဒီအချိန်မှာ ကမ္ဘာ့ပတ်ဝန်းကျင် အခြေအနေအရပ်ရပ်ကို ပြန်ကြည့်မယ်ဆိုရင် မြောက်ကမ္ဘာခြမ်းမှာ ပြဿနာပေါင်းစုံဖြစ်ပေါ်နေချိန် တရုတ်နိုင်ငံအပါအဝင် ထွန်းသစ်စစီးပွားရေးအင်အားကြီးနိုင်ငံတွေ ပေါင်းစုဦးဆောင်တဲ့ တောင်ကမ္ဘာခြမ်းက ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်လာနေပါပြီ။ ဒီလိုဖွံ့ဖြိုးတိုးတက်မှုတွေရဲ့ ဗဟိုချက်ဝင်ရိုးက ဘယ်မှာရှိမလဲဆိုရင် အာရှဒေသမှာ ရှိနေမှာပါ။ အာရှဒေသထဲမှာမှ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စီးပွားရေးအခွင့်အလမ်းကောင်းများစွာ ရှိနေမယ်ဆိုတာအသေအချာပါပဲ။

ဒါကြောင့် တရုတ်အစိုးရရဲ့ခေါင်းဆောင်မှု၊ အာရှဒေသရှိထွန်းသစ်စစီးပွားရေးအင်အားကြီးနိုင်ငံများရဲ့ဦးဆောင်မှု၊ ဖွံ့ဖြိုးဆဲ ဒေသတွင်းနိုင်ငံငယ်များရဲ့ အတူတကွ ပူးပေါင်းဆောင်ရွက်မှုများနဲ့အတူ အာရှကိုမဏ္ဍိုင်ပြုလာတဲ့ ဤကမ္ဘာ ဖွံ့ဖြိုးမှုကြီးမှာ မြန်မာနိုင်ငံက တစ်ထောင့်တစ်နေရာကနေ ပါဝင်ခွင့်ရအောင်နဲ့ မြန်မာပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲနဲ့တကွ အဆင့်မြင့်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးအနန္တတင်ရှိကြောင်း ထပ်လောင်းပြောကြားလိုက်ရပါတယ်။ ။

# (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၃၂) ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ် ပစ်အသင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ဖိလစ်ပိုင်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများက လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် သေနတ်ပစ် အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယ ဗိုလ်မှူးကြီးသိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ် အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ လိုက်ပါသွားကြသည်။

(၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ကို နိုဝင်ဘာ ၁၂ ရက်မှ ၂၃ ရက်ထိ အာဆီယံ နိုင်ငံ ၁၀ နိုင်ငံမှ သေနတ်ပစ်အသင်းများဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတိုအမျိုးသားအသင်းနှင့် ပစ္စတိုအမျိုး သမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပ မည့် (၃၂) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့ တပ်မတော် သေနတ်ပစ်အသင်းကို နေပြည်တော်လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်စဉ်။



# မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင် ဆေးကုသမှု ခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိနယ်မြေခံ တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေး ကုသမှုခံယူလျက်ရှိသော အရာရှိ၊စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်း တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များက သွားရောက်၍ တစ်ဦးချင်း ၏ရောဂါဖြစ်ပွားမှု အခြေအနေများ၊ ဆေးဝါးကုသပေးထားမှုအခြေအနေများ နှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရ ဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# သာစည်-မန္တလေးရထားလမ်းပိုင်း၌ လူစီးရထား စတင်ပြေးဆွဲ

**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှုလွယ်ကူအဆင်ပြေချောမွေ့ စေရေးအတွက် ရထားလမ်းပိုင်းများ တွင် လူစီးရထားများပြေးဆွဲဆောင်ရွက် ပေးလျက်ရှိရာ သာစည်-မန္တလေး ခရီးစဉ် အမှတ်(သ-၃၀၁)အဆန်နှင့် မန္တလေး- သာစည် ခရီးစဉ်အမှတ်(သ-၃၀၂) အစုန် RBE လူစီးရထားများကို နိုဝင်ဘာ ၁၁ ရက်က စတင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအမှတ်(သ-၃၀၁) အဆန် သာစည်-မန္တလေး RBE ရထားသည် သာစည်ဘူတာမှ နံနက် ၅ နာရီခွဲတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ နံနက် ၉ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း နှင့် အမှတ်(သ-၃၀၂)အစုန် မန္တလေး- သာစည် RBE ရထားသည် မန္တလေး ဘူတာမှ ညနေ ၃ နာရီတွင် ပြန်လည် ထွက်ခွာ၍ သာစည်ဘူတာသို့ ည ၇ နာရီ တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

လမ်းခရီးတွင် ဘူတာစဉ်ရပ်တန့်ပေး သွားမည်ဖြစ်ပြီး အဆိုပါ RBE ရထား တွဲဆိုင်းတွင် ခရီးသည် ရပ်စီး၊ ထိုင်စီး စုစုပေါင်း ဦးရေ၁၀၀ စီးနင်းလိုက်ပါနိုင်ကာ ခရီးသွားလက်မှတ်ခကို ခရီးစဉ်အစမှ အဆုံးထိ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် ခရီးတစ်ဝက်လိုက်ပါစီးနင်းပါက ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ပြေးဆွဲပေးသွားမည် ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် လက်ရှိ ပြေးဆွဲပေးလျက်ရှိသော ရထားခရီးစဉ် များတွင် ခရီးသည်စီးနင်းမှုများပြားလာ သည်နှင့်အမျှ ရထားတွဲဆိုင်းများပိုမိုချိတ် ဆက်ခြင်း၊ ရထားစီးရေ တိုးမြှင့်ပြေးဆွဲ ခြင်းအစီအစဉ်များကို ဆောင်ရွက်ပေးသွား မည်ဖြစ်ပြီး ခရီးသွားမိဘပြည်သူများ အနေဖြင့် လုံခြုံစိတ်ချစွာ လိုက်ပါစီးနင်း နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအို-မြန်မာချစ်ကြည်ရေးအသင်းတို့ တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများပါဝင် သောအဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် မကာအို-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ MR.Jose Wong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့က UMFCCI ညှိ့ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးနှင့် တာဝန်ရှိသူများ၊ မကာအို- မြန်မာ ချစ်ကြည်ရေးအသင်းမှ ကိုယ်စား လှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ်ချစ်ကြည် ရေး အခွန့်ရှည်တည်တံ့ရန်နှင့် ပိုမိုတိုးတက် ရန် အဓိကထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ IT ကဏ္ဍ၊ ဆေးဝါးကဏ္ဍ စသည့် နယ်ပယ်ပေါင်းစုံတွင် ရင်းနှီးမြှုပ်နှံ မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်း စွာဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာ-တရုတ်ချစ်ကြည် ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် မကာအို-မြန်မာ ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး တက်ရောက်လာကြသူများ နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက် ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများပါဝင်သောအဖွဲ့နှင့် မကာအို-မြန်မာ ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ Mr.Jose Wong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ

# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ



ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတွင် ပူးတွဲပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်တင်နီလာဝင်း "ဇမ္ဗူကျွန်းလုံး" (သီချင်းခံ) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၀-၁၅)(အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် ပူးတွဲပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ မသွန်းရွှေရည်လင်း "ရွှေပြည်ကြီးရော"(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မထက်လင်းရွှေဘို "ဖူးပွေ့လက်တင်"(ဘောလယ်) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ (၁၅-၂၀) (အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် ပူးတွဲပထမဆုရ ကယားပြည်နယ်မှ မမေသန္တာဝင်း "မှန်ရဝေ"(ပတ်ပျိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ကာလပေါ်/ ခေတ်ဟောင်းတေး ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား) အဆိုပြိုင်ပွဲတွင် ပထမဆုရ တနင်္သာရီတိုင်းဒေသကြီးမှ ဦးဘိုဘိုမင်း "ပန်းစုံတဲ့တော" သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ကာလပေါ်/ ခေတ်ဟောင်းတေးအဆင့်မြင့်ပညာ (အမျိုးသား)အဆိုပြိုင်ပွဲတွင် ပူးတွဲပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်မျိုးခန့်မောင်မောင် "ဂုဏ်တော်ကိုးသွယ်" သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



❖ နေရှင်နယ်လိဂ်မှအဆက်

သွင်းယူနိုင်ခဲ့ပြီး ဧရာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၇၇ မိနစ်တွင် ဇင်မင်းရှိုင်းနှင့် ပွဲချိန် ၉၂ မိနစ်တွင် ဝင်းထက်ပိုင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီက ပဒုမ္မာအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် JUNIOR LIONS အသင်းတို့ ကစားခဲ့ရာJUNIOR LIONS အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး JUNIOR LIONS အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် သော်ဇင်ကိုက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃နာရီက တောင်ဒဂုံအားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် မြဝတီအသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ကိုးမိနစ်တွင် မြဝတီအက်ဖ်စီအသင်းမှ ဝင်းလွင်ဦးက ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့သည့်အတွက် ဒဂုံစတားအသင်း ဦးဆောင်ဂိုးစတင်ရရှိခဲ့ကာ ပွဲချိန် မိနစ် ၅၀တွင် ဆုမင်းအောင်၊ ပွဲချိန် ၉၄ မိနစ်တွင် ဟန်မျိုးဇင်တို့က နောက်ထပ်သွင်းဂိုးများ သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဒဂုံစတားအသင်းက မြဝတီအက်ဖ်စီအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

## အပူပိုင်း မုန်တိုင်း"တိုရဂျီ" အခြေအနေ

(၁၂-၁၁-၂၀၂၄)

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း"တိုရဂျီ" (TORAJI)သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

☆ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာအတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

☆ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

☆ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၆/ ၂၀၂၄ )
၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်
( ၂၀၂၄ခုနှစ် နိုဝင်ဘာလ ၁၂ ရက် )

**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီကို**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး လိပ်ပြာကန်ရပ်ကွက် မော်ကန်(၁)လမ်း လန်းဆန်းအိမ်ရာ အမှတ်(A/၄၀၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ**ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ၏** မှတ်ပုံတင်အမှတ်မှာ (၅၃) ဖြစ်ပါသည်။

(ပုံ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၏ ဝမ်းမြောက်ဂုဏ်ယူကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ သွားရောက်ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူနိုင်ခဲ့ခြင်းတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

# မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများသို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည့်အပြင် အာဆီယံနိုင်ငံများမှ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များကို ရယူနိုင်ခဲ့သည့်အပြင် အိမ်နီးချင်းနိုင်ငံများအတွက်ပါ အခွင့်အလမ်းကောင်းများ ဖော်ဆောင်နိုင်ခဲ့မှုအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မိမိတို့မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်းက အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း

# မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များကို ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူခြင်းတို့အတွက် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်မှ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၃)ကြိမ်မြောက် မိသားစုမဟာဘုံကထိန်အလှူတော်မင်္ဂလာ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၂**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၃) ကြိမ်မြောက် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတေဇဝန္တ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂမေဓာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက သံဃာတော်များထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သိမ်တောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေကြပြီးသံဃာတော်များကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၃) ကြိမ်မြောက် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာတွင် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေ စုစုပေါင်းငွေကျပ် ၂၀၃ သိန်း ကျော်တန်ဖိုးရှိ ပဒေသာပင် ကိုးခုကို ဆက်ကပ်လှူဒါန်းနိုင်ခဲ့ပြီး အဆိုပါ ပဒေသာပင်များကိုသက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်ဆက်ကပ် လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၃)ကြိမ်မြောက် မိသားစုမဟာဘုံကထိန်အလှူတော်မင်္ဂလာ ကျင်းပစဉ်။

## နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်

(၁၂-၁၁-၂၀၂၄)

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာစပ်စပ်နှင့် နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/၈လ)

# ခိုလမ်မြို့ သီရိမင်္ဂလာကျောင်းတိုက်၌ ဗုဒ္ဓကောလိပ် ငါးထပ်ကျောင်းဆောင်သစ်တည်ဆောက်ရန်အတွက် အလှူငွေများပေးအပ်



ဆရာတော်ထံ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ခိုလမ်မြို့ သီရိမင်္ဂလာကျောင်းတိုက်၌ ဗုဒ္ဓကောလိပ် ငါးထပ်ကျောင်းဆောင်သစ်တည်ဆောက်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ သီရိမင်္ဂလာကျောင်းတိုက်၌တည်ဆောက်မည့် ဗုဒ္ဓကောလိပ် ငါးထပ်ကျောင်းဆောင်သစ် အလှူငွေလှူဒါန်းခြင်းနှင့် ခိုလမ်မြို့အတွင်းရှိဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ကုလားပဲ၊ ကြက်ဥများ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ခိုလမ်မြို့ရှိ သီရိမင်္ဂလာကျောင်းတိုက်၌ ပြုလုပ်ရာ ခိုလမ်မြို့ သီရိမင်္ဂလာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပညာသီရိအမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီရိမင်္ဂလာကျောင်းတိုက်ဆရာတော်ထံမှ သီလဓမ္မတရားတော်များ ခံယူဆောက်တည်ကြပြီး တိုင်းမှူးက သီရိမင်္ဂလာကျောင်းတိုက်၌ ဗုဒ္ဓကောလိပ် ငါးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀ နှင့် ခိုလမ်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ဆန်၊ ဆီ၊ ကုလားပဲ၊ ကြက်ဥများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အဆိုပါ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ သီရိမင်္ဂလာကျောင်းတိုက်တွင် စာသင်သား သံဃာတော် ၁၁၅ ပါးသည် ဗုဒ္ဓစာပေများအား သင်ကြားပေးလျက်ရှိပြီး ဗုဒ္ဓကောလိပ်ဖွင့်လှစ်နိုင်ရန်အတွက် ငါးထပ်ကျောင်းဆောင်သစ်အား တည်ဆောက်နိုင်ရန် လှူဒါန်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## B.Tech ဘွဲ့သင်တန်းများအားလုံး နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများအားလုံးကို နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ကျောင်းအပ်လက်ခံခြင်းကို နိုဝင်ဘာ ၁၄ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

## ထူးခြားသည့် ညအပူချိန်များ (၁၂-၁၁-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၁၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၁၂ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |




## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ **"ပြည်သူ့ကြားကပြည်သူ့စကား"**အစီအစဉ်မှ **"အရိပ်လည်းနေအခက်လည်းချိုးကြသော PDF အကြမ်းဖက်များမှ အုန်နွဲ့ပေါင်းရွာက ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်သွား"**ခေါင်းစဉ်ဖြင့် ၁၃-၁၁-၂၀၂၄ **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားတွေရဲ့လက်သုံးစကား ဒလန်ဆိုတဲ့ခေါင်းစဉ်အောက်မှာ အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံနေရ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဇီးကုန်းတိုက်နယ်အတွင်း ကျေးရွာအချို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်များမီးလောင်ဆုံးရှုံးသွားကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇီးကုန်းတိုက်နယ်အတွင်းရှိ ကျောင်းကုန်း၊ ဖိုလ်ကုန်းနှင့် သပြေသာရွာတို့ကို နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်များမီးလောင်ဆုံးရှုံးသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါရက်များတွင် ၎င်းကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောနယ်မြေလုံခြုံရေး လုပ်ငန်းများဆောင်ရွက်ခဲ့သော်လည်း ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုမရှိကြောင်း၊ အကြမ်းဖက်သမားများသည် "ငါနဲ့မတူငါ့ရန်သူ"ဟူ၍ အယူဝါဒဖြင့် ၎င်းတို့ကိုထောက်ခံအားပေးမှုမရှိသည့် ရပ်ကွက်၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်းများကျူးလွန်လျက်ရှိပြီး ယင်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများက အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများကိုလုပ်ကြံရေးသားပြီး လူမှုကွန်ရက်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။ (၅၀၁)




## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဆွစ်ဇာလန်နိုင်ငံ ဂရီဆင်ဒေသ တောင်ပေါ်ကျေးရွာတစ်ရွာတွင် ကျောက်တောင်ပြိုကျနိုင်သည့်အန္တရာယ်ဖြင့် ရင်ဆိုင်နေရ



ဘန်း နိုဝင်ဘာ ၁၂

ဆွစ်ဇာလန်နိုင်ငံ ဂရီဆင်ဒေသ တောင်ပေါ်ကျေးရွာ တစ်ရွာဖြစ်သော ဘရီရန့်ကျေးရွာ၌ နေထိုင်သူများသည် ကျေးရွာအနီးရှိ ကျောက်တောင်ပြိုကျလာနိုင်သည့်အန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့်နှင့်ပတ်သက်ပြီး ကျွမ်းကျင်သူများက နိုဝင်ဘာ ၁၁ ရက်တွင် သတိပေးထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဆွစ်ဇာလန်နိုင်ငံ ဂရီဆင်ဒေသရှိ ဘရီရန့်ကျေးရွာအနီးရှိကျောက်တောင်တစ်ခုသည် ဘူမိဗေဒဆိုင်ရာ လှုပ်ရှားပြောင်းလဲမှုများကြောင့် ကျောက်တုံး ၁ ဒသမ ၂ ကုဗမီတာ သို့မဟုတ် တန်ချိန် သုံးသန်းခန့်သည့် တောင်ခြေရှိ ကျေးရွာပေါ်သို့ အရှိန်အဟုန်ပြင်းစွာဖြင့် ပြိုကျနိုင်သောအခြေအနေရှိနေသဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ကြောင်း ဆွစ်ဇာလန် ဘူမိဗေဒပညာရှင် စတီဖင်ရှိုက်ဒါက တာဝန်ရှိသူများကို သတိပေးထားကြောင်း သိရသည်။

"သဘာဝဘေးအန္တရာယ်ကို ဖြစ်ပေါ်စေတဲ့ ဘူမိဗေဒဆိုင်ရာ အခြေအနေတွေက အရင်တစ်ခါကလို ပြန်ဖြစ်လာနေတဲ့အတွက် အလွန်အန္တရာယ်များတဲ့ အခြေအနေကို ရောက်ရှိနေပါတယ်"ဟု ဆွစ်ဇာလန် ဘူမိဗေဒပညာရှင် စတီဖင်ရှိုက်ဒါက ပြောကြားသည်။

အဆိုပါကျောက်တောင်သည် ၂၀၂၃ ခုနှစ် မေလအတွင်းက ကုဗမီတာ နှစ်သန်းခန့်ပြိုကျမှုဖြစ်ပွားခဲ့သဖြင့် လူဦးရေ ၉၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး ယခုတစ်ကြိမ် ကျောက်တောင်ပြိုကျမှုဖြစ်ပွားပါက ကျေးရွာရှိ လူအားလုံး ဘေးအန္တရာယ်ကြီးမားစွာရင်ဆိုင်ရနိုင်ကြောင်း ဆွစ်ဇာလန် ဘူမိဗေဒပညာရှင် စတီဖင်ရှိုက်ဒါက သတိပေးခဲ့ကြောင်း သိရသည်။

ကျောက်တောင်မှကျောက်တုံးများသည် ယခုနှစ်အတွင်း တောင်ခြေရှိ ကျေးရွာရှိရာဘက်သို့ ရွေ့လျားမှု ပိုမိုဖြစ်ပေါ်လာလျက်ရှိကြောင်း၊ တစ်ရက်လျှင် ၂၅ စင်တီမီတာနှုန်းဖြင့် ရွေ့လျားလာနေရာ အဆိုပါကျေးရွာသည် ကျောက်တောင်မှနိမ့်ဆင်းလာသော မြေနိမ့်နေရာတွင်တည်ရှိသဖြင့် အလွန်အန္တရာယ်များသောအခြေအနေသို့ ရောက်ရှိနေကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာဥပဒေချိုးဖောက်မှုဖြင့် Codelco သတ္တုမိုင်းတွင်းကုမ္ပဏီကို စုံစမ်းစစ်ဆေး

ဆန်တီယာဂို နိုဝင်ဘာ ၁၂

ချီလီနိုင်ငံ သတ္တုတူးဖော်ရေးလုပ်ငန်းတွင် အကြီးစားကုမ္ပဏီတစ်ခုဖြစ်သော Codelco သတ္တုမိုင်းတွင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသော သတ္တုတူးဖော်ရေးလုပ်ကွက်များမှ ကာဗွန်ထုတ်လွှတ်မှုနှုန်း မြင့်မားလာသည့်အတွက် ချီလီဥပဒေပြုရေးအဖွဲ့က Codelco သတ္တုမိုင်းတွင်းကုမ္ပဏီကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ချီလီဥပဒေပြုရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ချီလီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းက Codelco သတ္တုမိုင်းတွင်းကုမ္ပဏီကို စုံစမ်းစစ်ဆေးရန်အတွက် ချီလီဥပဒေပြုရေးအဖွဲ့ထံ စွဲချက်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ Codelco သတ္တုမိုင်းတွင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် အက်တာကာမာနယ်မြေရှိ ကြေးနီစီမံကိန်းလုပ်ကွက်တွင် ကာဗွန်ထုတ်လွှတ်မှုမြင့်မားနေကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက စုံစမ်းသိရှိခဲ့ပြီးနောက် ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပြုရေးအဖွဲ့ထံ စွဲချက်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"Codelco သတ္တုမိုင်းတွင်းကုမ္ပဏီရဲ့ သတ္တုတူးဖော်ရေးလုပ်ကွက်တချို့နဲ့ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ခွဲခြမ်းစိတ်ဖြာမှုတွေလိုအပ်တဲ့ စုံစမ်းမှုတွေပြုလုပ်ခဲ့တယ်။ ခွဲခြမ်းစိတ်ဖြာမှုတွေအရ Codelco သတ္တုမိုင်းတွင်းကုမ္ပဏီရဲ့ လုပ်ကွက်တချို့ဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွေနဲ့ ကိုက်ညီမှုမရှိဘူးဆိုတာတွေ့ရတဲ့အတွက် အခုလို စွဲချက်တင်လာတာဖြစ်ပါတယ်။ ဥပဒေပြုရေးအဖွဲ့အနေနဲ့လဲ လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု ဥပဒေပြုရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Codelco သတ္တုမိုင်းတွင်းကုမ္ပဏီအနေဖြင့် စွဲချက်တင်ထားခံရပြီး ဥပဒေပြုရေးအဖွဲ့၏ စုံစမ်းစစ်ဆေးမှုများဖြင့် ရင်ဆိုင်ရတော့မည့် အခြေအနေနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ မှတ်ချက်ပြုခဲ့ခြင်း မရှိသလို တုံ့ပြန်ပြောကြားသွားမည့်အခြေအနေလည်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီခေါင်းဆောင်အဖြစ် ဇယ်ဒင်ကိုခန့်အပ်ကြောင်း ဒေါ်နယ်ထရန့်အတည်ပြု

ဝါရှင်တန် နိုဝင်ဘာ ၁၂

အမေရိကန်နိုင်ငံ၏ ရွေးကောက်ခံသမ္မတဖြစ်သူ ဒေါ်နယ်ထရန့်သည် လွှတ်တော်အမတ်ဟောင်းတစ်ဦးဖြစ်သူ ဇယ်ဒင်ကို အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ ခေါင်းဆောင်အဖြစ် ခန့်အပ်ကြောင်း အတည်ပြုခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဇယ်ဒင်သည် လွှတ်တော်အမတ်တစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့စဉ်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီ၏ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး စီမံချက်အတွက် ရုပ်ကြွင်းလောင်စာ ထုတ်လုပ်ကုန်သွယ်မှု လျှော့ချရေးအဆိုကို အမြဲကန့်ကွက်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။

"ဇယ်ဒင်ဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး အမေရိကန် စီးပွားရေးကဏ္ဍရဲ့ စွမ်းအားကို မြှင့်တင်ပေးနိုင်မဲ့ တရားမျှတတဲ့ စည်းမျဉ်းဥပဒေတွေကို ဆုံးဖြတ်ချမှတ်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ တစ်ချိန်တည်းမှာပဲ သန့်ရှင်းတဲ့လေထုနဲ့ သန့်ရှင်းတဲ့ ရေထုအရင်းအမြစ်တွေအပါအဝင် အမေရိကန်နိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဆင့်အတန်းကိုလဲ အမြင့်ဆုံးအဆင့်ထိ ဆွဲတင်ပေးနိုင်လိမ့်မယ်"ဟု ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။



ဒေါ်နယ်ထရန့်အနေဖြင့် ဂျိုးဘိုင်ဒင်သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့စဉ်အတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး ချမှတ်ထားသော ဥပဒေစည်းမျဉ်းတချို့ကို ပယ်ဖျက်သွားဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ပါကစ္စတန်နိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် ကလေးငယ် ၁၁ သန်းကျော် ကျန်းမာရေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရ

အစ္စလာမ်မာဘတ် နိုဝင်ဘာ ၁၂

ပါကစ္စတန်နိုင်ငံတွင် မကြာသေးမီနှစ်များအတွင်းမှစ၍ လေထုညစ်ညမ်းမှုများကြောင့် နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ ကလေးငယ် ၁၁ သန်းကျော်သည် ကျန်းမာရေးအန္တရာယ်ဖြင့်ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(UNICEF)၏ နိုဝင်ဘာ ၁၁ ရက် သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ပါကစ္စတန်နိုင်ငံတွင် လွန်ခဲ့သောလမှစတင်၍ လာဟိုးမြို့နှင့် ပန်ဂျပ်ပြည်နယ်ရှိ ခရိုင် ၁၇ ခရိုင်တို့တွင် မီးခိုးမြူများဖုံးလွှမ်းမှုဖြင့် ကြုံတွေ့ခဲ့ရပြီး မကြာသေးမီနှစ်များမှစတင်၍ လေထုညစ်ညမ်းမှုအခြေအနေ ပိုမိုဆိုးရွားလာမှုကြောင့် နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ ကလေးငယ် ၁၁ သန်းသည် ကျန်းမာရေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကာ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကြောင့် လူပေါင်း ၄၀၀၀၀ ကျော် ဆေးကုသမှုခံယူနေရသည်ဟု တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လေထုညစ်ညမ်းမှုကြောင့် ရောဂါဖြစ်ပွားသူများကို ကုသရန် ပန်ဂျပ်ပြည်နယ်တစ်ဝန်းရှိ ဆေးခန်းများတွင် မီးခိုးမြူနှင့်ပတ်သက်သည့် ရောဂါကုသရေးစင်တာများ တွဲဖက်ဖွင့်လှစ်ထားပြီး ယနေ့တွင် လာဟိုးမြို့ တစ်မြို့တည်းတွင် ဆေးရုံတက်ရောက်ကုသနေရသူ ဦးရေ ၉၀၀ ကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် လေထုညစ်ညမ်းမှု လျှော့ချရေး လုပ်ငန်းများ အရေးတကြီး လုပ်ဆောင်ရန် လိုအပ်နေကြောင်း ပါကစ္စတန်နိုင်ငံဆိုင်ရာ UNICEF ၏ ကိုယ်စားလှယ်ဖြစ်သူ အဗ္ဗဒူလာဖာဒေးလ်က နိုဝင်ဘာ ၁၁ ရက် ထုတ်ပြန်ချက်တွင် အစိုးရကို တိုက်တွန်းထားကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# စပိန်နိုင်ငံ ရေဘေးသင့် ဗလန်စီယာနယ်မြေအတွက် ယူရို ၃ ဒသမ ၇၆ ဘီလီယံ တိုးမြှင့်သုံးစွဲပေးသွားမည်ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ် ထုတ်ပြန်

မက်ဒရစ် နိုဝင်ဘာ ၁၂

စပိန်နိုင်ငံ ဗလန်စီယာနယ်မြေတွင် အောက်တိုဘာ ၂၉ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ဒေသခံဦးရေ ၂၂၀ ထက်မနည်း သေဆုံးကာ ပျက်စီးဆုံးရှုံးမှုကြီးမားခဲ့ပြီး ဆယ်စုနှစ်အတွင်း ဥရောပတိုက်၏ အဆိုးရွားဆုံးသော ရေကြီးရေလျှံမှုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုအခြေအနေ တည်ငြိမ်သွားခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စပိန်ဝန်ကြီးချုပ်က ယူရို ၃ ဒသမ ၇၆ ဘီလီယံထိ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

စပိန်ဝန်ကြီးချုပ်သည် ပြီးခဲ့သော ရက်သတ္တပတ်က ဗလန်စီယာရေဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးအတွက် ယူရို ၁၀ ဒသမ ၆ ဘီလီယံထိ သုံးစွဲသွားမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဘတ်ဂျက်ငွေထပ်မံတိုးမြှင့်ပေးသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အစိုးရအဖွဲ့က ခွင့်ပြုပေးထားသောဘတ်ဂျက်များကို သုံးစွဲရာတွင်လည်း လူနေအိမ်များပျက်စီးကာ အိုးမဲ့အိမ်မဲ့ဖြစ်နေသော ပြည်သူများ နေအိမ်များငှားရမ်းနေထိုင်ရေးနှင့် အခြားလိုအပ်သည့်နေရာများတွင် စီမံသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှု အားကောင်းလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေ အောက်တိုဘာလရဲ့ ပထမပတ်လောက်ကနေစတင်ပြီး ဝယ်လိုအား သိသိသာသာတက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံလုပ်ငန်းရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ ကုန်သည်တွေ အဆင်ပြေပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၇၅၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါဆန်ကွဲများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဖြူးမြို့နယ် ရွာတန်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ဖြူး နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ရွာတန်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရွာတန်းရှည်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက် ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မကြာမီ ချေးငွေထုတ်ချေးမည့် ချေးငွေအောင်မြင်သူများကို ချပြရှင်းလင်းပြီးနောက် မိသားစုတစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင် ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

ဖြူးမြို့နယ် ရွာတန်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၄၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၄၃၀ ထုတ်ချေးထားကြောင်း ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

**ကိုညို**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၆၉ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲဧက ၂၉၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြေပဲ ၈၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ မြေပဲဧက ၂၉၃၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၈၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သတ်မှတ်လျာထားဧက ပြည့်မီဖို့နဲ့ အထွက်နှုန်း ကောင်းမွန်စေဖို့ အတွက် တောင်သူပညာပေးတာတွေကို ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။



ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက သီးနှံ အထွက်နှုန်း ကောင်းမွန်ရေး တောင်သူများအဆင်ပြေစွာ စိုက်ပျိုးနိုင်ရေး၊ အရည်အသွေးကောင်းသောသီးနှံများထွက်ရှိရေး၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲရေးနှင့် သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ် နှိမ်နင်းရေး စသည်တို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဆီစားသုံးမှုဖူလုံစေရေးအတွက် ဆီထွက်သီးနှံကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ ယခု ဆောင်းသီးနှံစိုက်ပျိုးရာတွင်လည်း သတ်မှတ်စိုက်ဧကပြည့်မီရေးအတွက် ဒေသခံတောင်သူများ ကြိုးပမ်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကဝမြို့နယ် ဇွဲကိုက်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကဝ နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇွဲကိုက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆၂ ဦးကို ငွေကျပ် ၄၃ ဒသမ ၈ သန်း ထုတ်ချေးခြင်းကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ပန်းတနော်မြို့နယ် စံကျောင်းခေတ်မီစံပြကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပန်းတနော် နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကဇင်ငူကျေးရွာအုပ်စု စံကျောင်းခေတ်မီစံပြကျေးရွာ၌ အိမ်တိုင်ရာရောက် သောက်သုံးရေရရှိရေး လုပ်ငန်းများဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်၊ ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးနှင့်တာဝန်ရှိသူများက စီမံကိန်းကော်မတီဝင်များနှင့်အတူ အိမ်တိုင်ရာရောက် သောက်သုံးရေရရှိရေး ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေသုံးစွဲရာ၌ အလေအလွင့်နည်းပါးစေရေး၊ လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး အလေးထား ဆောင်ရွက်သွားကြရန် တိုင်းဒေသကြီးဦးစီးမှူးက ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာတွင် အိမ်တိုင်ရာရောက် သောက်သုံးရေရရှိရေး အတွက် အရှည်ပေ ၅၃၀၀ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဂါလန် ၁၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို SMART Village စီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၁ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများက ယခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**


COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# ဆီးအိမ်ကင်ဆာဆိုသည်မှာ

ပေါက်ပေါက်



ခန္ဓာကိုယ်၏ မလိုလားအပ်သော အရည်များသည် ဆီးအဖြစ်ပြောင်းလဲသွားကာ ထိုအရည်များကို ဆီးအိမ်တွင် ခေတ္တသိုလှောင်ထားလေ့ရှိသဖြင့် ဆီးအိမ်သည် သက်ရှိသတ္တဝါများအတွက် မရှိမဖြစ်လိုအပ်သောခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည်။ တစ်နည်းဆိုရလျှင် ဆီးအိမ်သည် ကျောက်ကပ်မှဆီးများကို ဆီးမသွားမီ(အပေါ့မစွန့်မီ) သိုလှောင်ထားသည့် အိတ်တစ်ခုဖြစ်သည်။

ထို့ကြောင့် ဆီးအိမ်သည် ကျောက်ကပ်မှ ထွက်လာသည့် ဆီးကို စုဆောင်းသိုလှောင်ထားပြီး၊ အချိန်တန်သည့်အခါ ဆီးလမ်းကြောင်း ခေါ် ဆီးစွန့်ပြွန်မှတစ်ဆင့် ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်သည့် တာဝန်ကို ထမ်းဆောင်ပေးသည်။

**ဆီးအိမ်ကင်ဆာဖြင့် အသက်မဆုံးရှုံးစေရေး**

ဆီးအိမ်ကင်ဆာသည် အဖြစ်အများဆုံး ကင်ဆာ ၁၀ မျိုးစာရင်းထဲတွင် ပါဝင်သည်။ ထို့ကြောင့် အင်္ဂလန်နိုင်ငံရှိ The Urology Foundation ခေါ် ဆီးလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်းကြီးက ၂၀၁၅ ခုနှစ်ကစတင်၍ နှစ်တစ်နှစ်၏ နိုဝင်ဘာလကို November Bladder Health Month အဖြစ် အထူးတလည် သတ်မှတ်ကာ ကမ္ဘာ့လူသားများ ဆီးအိမ်ကင်ဆာဖြင့် အသက်မဆုံးရှုံးစေရေး သတိပေးနှိုးဆော်လျက်ရှိသည်။

ဆီးအိမ်ကင်ဆာဆိုသည်မှာ ဆီးအိမ်အတွင်းဘက်နံရံကို အုပ်ကာထားသည့် အမြှေးပါးဆဲလ်များ မူမမှန်ခြင်း၊ များပြားစွာ ပွားထွက်ခြင်းကြောင့် အသားပိုဖြစ်လာခြင်းနှင့် အဆုံးတွင် ကင်ဆာအဖြစ်သို့ ပြောင်းလဲသွားခြင်းဖြစ်သည်။ ဆက်လက်၍ ကင်ဆာဆဲလ်များသည် ဆီးအိမ်၏နက်ရှိုင်းသော အခြားအတွင်းပိုင်း အလွှာများဆီသို့လည်းကောင်း၊ အခြားကိုယ်အင်္ဂါအစိတ်အပိုင်းများ ဖြစ်ကြသော ပြန်ရည်ကျိတ်၊ အရိုး၊ အဆုတ်၊ အသည်းတို့ရှိ တစ်ရှူးကလာပ်စည်းများဆီသို့လည်းကောင်း ပျံ့နှံ့ရောက်ရှိသွားနိုင်သည်။

ဆီးအိမ်ကင်ဆာ၏ ၉၅ ရာခိုင်နှုန်းမှာ ဆီးအိမ်အတွင်းနံရံတစ်ရှူးများထဲရှိ ဆဲလ်များမှ ကင်ဆာဖြစ်လေ့ရှိပြီး ကျန် ၅ ရာခိုင်နှုန်းသည် ဆီးအိမ်၏ အတွင်းအပြင် နာကျင်ရောင်ကိုင်းခြင်းမှ အစပျိုးခြင်းဖြစ်သည်။ ပညာရှင်များ၏ သုံးသပ်ချက်အရ နှစ်စဉ် ခန့်မှန်းလူဦးရေ ၅၅၀၀၀၀ ခန့် ဆီးအိမ်ကင်ဆာဖြစ်ပွားနိုင်ဟု ဆိုသည်။

**ဆီးအိမ်ကင်ဆာ လက္ခဏာများ**

ဆီးအိမ်ကင်ဆာသည် ဆီးများကို သိုလှောင်ထားသော တင်ပါးဆုံနေရာတွင်ရှိသည့် ပူဖောင်းပုံဆီးအိမ်တွင်ဖြစ်ပွားသော ကင်ဆာတစ်မျိုးဖြစ်သည်။ ဆီးအိမ်ကင်ဆာ၏ အဖြစ်အများဆုံးလက္ခဏာတစ်ခုမှာ ရုတ်တရက် ဆီးထဲသွေးပါခြင်းဖြစ်သည်။ ၎င်းကို ဆေးသိပ္ပံနည်းအရ Haematuria ဟုခေါ်သည်။ ဆီးထဲသွေးပါရာ၌ နာကျင်မှု ထွေထွေထူးထူး မခံစားရသဖြင့် ဝေဒနာရှင်အများစုက "အချိန်တန်ရင် ပျောက်သွားမှာပါ"ဟု ခပ်ပေါ့ပေါ့ တွေးတတ်ကြသည်။ အမှန်စင်စစ် ဆီးအိမ်ကင်ဆာ၏သဘောသဘာဝသည် အစဦးပိုင်းတွင် ထင်သာမြင်သာမပြတတ်ဘဲ ကင်ဆာအဆင့်တက်လာမှ သိလာရသည်။ ဆီးအိမ်ကင်ဆာရောဂါကို သိရှိပြီး စောစီးစွာရောဂါကုသနိုင်ပါက ပကတိအတိုင်း ပြန်လည်ကောင်းမွန်လာနိုင်သည်။ ထို့ကြောင့် ဆီးထဲသွေးပါလျှင် ဆရာဝန်နှင့် ပြသရပါမည်။

ထို့ပြင် ဆီးအရောင်ပြောင်းခြင်း၊ ဆီးသွားစဉ် ပူလောင်ခြင်း၊ ဆီးသွားစဉ် နာကျင်ကိုက်ခဲခြင်း၊ မကြာခဏ ဆီးသွားခြင်း သို့မဟုတ် ဆီးမထိန်းနိုင်ခြင်း၊ ဆီးသွားရန်ခက်ခဲခြင်း၊ ဆီးသွားချိန် ဆီးအောင့်ခြင်း၊ ဗိုက်နာခြင်း၊ ခါးနာခြင်း၊ မကြာခဏ ဆီးလမ်းကြောင်းပိုးဝင်ခြင်း စသည်တို့ကလည်း ဆီးအိမ်ကင်ဆာလက္ခဏာများဖြစ်သည်။ ကင်ဆာဆဲလ်များ အခြားကိုယ်အင်္ဂါအစိတ်အပိုင်းသို့ ပျံ့နှံ့သွားသောအခါ တွေ့ရနိုင်သည့်လက္ခဏာများမှာ ကျောအောက်ဘက်ပိုင်း တစ်ဖက်ဖက် ကိုက်ခဲနာကျင်ခြင်း၊ အရိုးကိုက်ခဲနာကျင်ခြင်း၊ ပြန်ရည်ကျိတ် ရောင်ရမ်းပြီး အကျိတ်ကို စမ်းမိခြင်း၊ ခြေထောက်ဖောယောင်ခြင်း၊ အားနည်းဖျော့တော့ခြင်း၊ အစာစားလိုစိတ်ကင်းမဲ့ခြင်းနှင့် ကိုယ်အလေးချိန် ကျဆင်းသွားခြင်းတို့ဖြစ်သည်။

**ဆီးအိမ်ကင်ဆာ ကုသနည်း**

ဆီးအိမ်ကင်ဆာကိုအဆင့်(၄)ဆင့် သတ်မှတ်ထားပြီး-

- အစောပိုင်းအဆင့်ကို အဆင့်(၁)၊
- ဆီးအိမ်ကြွက်သား အတွင်းနံရံတစ်ခုလုံး ပျံ့နှံ့ခြင်းကို အဆင့်(၂)
- အပြင်ကြွက်သားတစ်ရှူးများထိ ပျံ့နှံ့ခြင်းကို အဆင့်(၃)၊
- ခန္ဓာကိုယ်တွင်း အခြားအစိတ်အပိုင်းများနှင့် အရိုးထိ ပျံ့နှံ့ခြင်းကို အဆင့်(၄) ဟုခေါ်သည်။

ရောဂါအတိမ်အနက်ပေါ်မူတည်၍ chemo-therapy ခေါ် ကင်ဆာဆဲလ်များသေစေရန် ဆေးသွင်းကုသနည်း၊ telescope ဖြင့် ကုသနည်း၊ ဆီးအိမ်တစ်စိတ်တစ်ဒေသကိုဖယ်ရှား၍ သို့မဟုတ် ဆီးအိမ်တစ်ခုလုံးကို ဖယ်ရှား၍ ခွဲစိတ်ကုသနည်း၊ radiation therapy ခေါ် ဓာတ်ရောင်ခြည်ဖြင့်ကုသနည်း စသည်တို့ဖြင့် ကုသမှုခံယူရပါမည်။

အထူးသတိပြုရမည့်အချက်မှာ ကုသပြီးနောက် ရောဂါပြန်လည်ဖြစ်ပွားနိုင်သည့် အလားအလာများသော ကင်ဆာအမျိုးအစားဖြစ်သဖြင့် လူနာသည် ရောဂါဖြစ်စေနိုင်သည့် အကြောင်းရင်းများကို ကြိုးစားရှောင်ရှား၍ မိမိ၏ကျန်းမာရေးကို ဂရုစိုက်နေထိုင်သွားရန် လိုအပ်သည်။ ဆရာဝန်၏ညွှန်ကြားချက်အချိန်ကာလအရ သို့မဟုတ် သုံးလတစ်ကြိမ် ဖန်ပြွန်မှန်ပြောင်းသွင်း၍ ဆီးအိမ်ကြည့်ရှုစစ်ဆေးခြင်းကို ခံယူသင့်သည်။

ဆီးအိမ်ကင်ဆာကို စောစီးစွာ အဖြေရှာခြင်းနှင့် ကုသခြင်းသည် ရောဂါအခြေအနေ ပို၍ဆိုးရွားမလာစေရန်၊ ရောဂါရပ်တန့်စေရန်နှင့် အရေးပေါ်အခြေအနေ မဖြစ်စေရန်လည်း ကာကွယ်ပေးသည်။ ထို့ကြောင့် ရောဂါလက္ခဏာများထဲမှ တစ်ခုခုခံစား တွေ့ရှိရပါက ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးသင့်သည်။

**ဆီးအိမ်ကင်ဆာဖြစ်နိုင်ခြေများသူများ**

- ဆီးအိမ်ကင်ဆာဖြစ်စေသော အကြောင်းရင်းများကို တိတိကျကျမသိရသော်လည်း မျိုးရိုးဗီဇပြောင်းလဲမှုသည် အခန်းကဏ္ဍတစ်ခုအနေနှင့် ပါဝင်နေသည်။ မျိုးရိုးဗီဇအရ အမျိုးသားများသည် အမျိုးသမီးများထက် ဆီးအိမ်ကင်ဆာဖြစ်နှုန်း သုံးဆမျှပိုနေပြီး ကမ္ဘာပေါ်တွင် လူဖြူများသည် လူမဲများထက် ဆီးအိမ်ကင်ဆာဖြစ်နိုင်ခြေပိုများကြောင်း လေ့လာသိရှိရသည်။
- ဆီးအိမ်ကင်ဆာကို အများအားဖြင့် အသက် ၄၀ နှင့်အထက်ရှိသူများ၌ တွေ့ရတတ်သော်လည်း၊ ယနေ့ခေတ်ကာလ၌ ငယ်ရွယ်သည့်သူများ၌လည်း တွေ့လာရသည်။ အသက် ၅၅ နှစ်အထက်နှင့် အသက်အရွယ်ကြီးရင့်သူများတွင် ဆီးအိမ်ကင်ဆာ ပိုအဖြစ်များသည်။
- ထို့ပြင် မျိုးရိုးဗီဇဆိုင်ရာ မူမမှန်မှုများ သို့မဟုတ် မိသားစုဝင်တွင်း ဆီးအိမ်ကင်ဆာဖြစ်ပွားမှုရာဇဝင်ရှိထားခြင်းကလည်း ဆီးအိမ်ကင်ဆာရောဂါဖြစ်နိုင်ခြေများသည်။
- ဆေးလိပ်သောက်ခြင်းသည် ဆီးထဲတွင် အန္တရာယ်ရှိသော ဓာတုပစ္စည်းများကို စုပြုံစေပြီး ဆီးအိမ်ကင်ဆာ ဖြစ်နိုင်ခြေကိုမြင့်မားစေသည်။
- ကျောက်ကပ်သည် အန္တရာယ်ရှိသော ဓာတုပစ္စည်းများကို သွေးစီးကြောင်းမှ စစ်ထုတ်၍ ဆီးအိမ်သို့ ပို့ဆောင်ပေးသည်။ အာဆင်းနစ်နှင့် အမွှေးရနံ့များ၊ ပုံနှိပ်လုပ်ငန်းများ၊ ဆံပင်အလှပြင်လုပ်ငန်းများနှင့် ပန်းချီဆွဲရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ထိတွေ့ခြင်းကြောင့် ဆီးအိမ်ကင်ဆာဖြစ်တတ်သည်။
- ထို့ပြင် ဓာတုဓာတ်ပေါင်းပါသော ရော်ဘာ၊ ချည်ယက်ထည်၊ ဆိုးဆေးအမျိုးမျိုး၊ ပလတ်စတစ်အမျိုးမျိုး၊ သုတ်ဆေးအမျိုးမျိုး၊ သားရေအရောင်တင်ရာတွင် အသုံးပြုသောဆေးအမျိုးမျိုးကို နေ့စဉ်ကိုင်တွယ်လုပ်ကိုင်ရသူများနှင့် ၎င်းရနံ့များကို ရှူရှိုက်မိသူများတွင်လည်း ဆီးအိမ်ကင်ဆာဖြစ်တတ်သည်။
- catheters ခေါ် ကြာရှည်စွာ ဆီးပိုက်တန်းလန်းတပ်ဆင်ထားရသော ဝေဒနာရှင်များ သို့မဟုတ် မကြာခဏ ဆီးပိုးဝင်ခြင်းနှင့် ဆီးအိမ်ရောင်ရမ်းခြင်းတို့ကြောင့်လည်း ဆီးအိမ်ကင်ဆာ ဖြစ်ပွားနိုင်ခြေကို မြင့်တက်စေသည်။
- PioglitaZone ကဲ့သို့သော ဆီးချို၊ သွေးချိုဆေးများကို တစ်နှစ်ကျော်ကြာ သောက်သုံးနေရသူများတွင် ဆီးအိမ်ကင်ဆာ ဖြစ်နိုင်ခြေမြင့်တက်လာသည်။
- ကိုယ်တိုင်ဆေးလိပ်သောက်ခြင်းနှင့် ဆေးလိပ်သောက်သူနှင့်အနေနီးစပ်သူ သို့မဟုတ် တစ်ဆင့်ခံ စီးကရက်မီးခိုးငွေ့ ရှူရှိုက်မိသူများ၊ အသားအကြွပ်ကြော်များနှင့် တိရစ္ဆာန်ဆီများ စားသုံးလေ့ရှိသူများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ အထူးသဖြင့် တိုးတက်ပြီးနိုင်ငံများတွင်တွေ့ရသော Schistosoma haema-tobium ခေါ် ကပ်ပါးပိုးပြသနာ၊ ဆီးအိမ်ကျောက်တည်သူများ၊ မွေးရာပါဆီးအိမ်ရောဂါရှိသူများ သို့မဟုတ် မကြာခဏ ဆီးအိမ်ရောင်ရမ်းလေ့ရှိသူများ၊ သားအိမ်လည်တိုင်ရောဂါများအတွက် မကြာခဏ ဓာတ်ရောင်ခြည်ကုသခံနေရသူအမျိုးသမီးများ၊ ဆီးကျိတ်ကင်ဆာအတွက် ဓာတ်ရောင်ခြည်ကုသခံ အမျိုးသားများနှင့် chemotherapy drugs ခေါ် ကင်ဆာရောဂါ ဓာတုဆေးဝါးဖြင့် ကုသခံလူနာများ၊ ဆီးအိမ်အတွင်း ကျောက်တည်နေသူများတွင် ဆီးအိမ်ကင်ဆာဖြစ်နိုင်ခြေရှိ၍ သတိထားသင့်သည်။

အချုပ်အားဖြင့်ဆိုသော် အခြားကင်ဆာရောဂါများနှင့်နှိုင်းယှဉ်ပါက ဆီးအိမ်ကင်ဆာသည် အစောပိုင်းအဆင့်တွင် ကုသရန်လွယ်ကူပြီး ပျောက်ကင်းသွားသော အတွေ့အကြုံများလည်းရှိပြီး ရောဂါဆက်လက်မပြန့်ပွားတော့သည့် လူနာများ၏ ၉၀ ရာခိုင်နှုန်းသည် နောက်ထပ် အနည်းဆုံးငါးနှစ်ကျော်မျှ ဆက်လက်အသက်ရှင်နေထိုင်နိုင်သည်။ သို့သော် အမြစ်မပြတ်ဘဲ ရောဂါပြန်ပေါ်တတ်ကြရာ မပေါ့လျော့ဘဲ မှန်မှန်ဆေးစစ်၍ကုသမှုခံရန် လိုအပ်သကဲ့သို့ ဆီးအိမ်ကင်ဆာ ပျောက်ကင်းသူများကလည်း နောက်ဆက်တွဲစစ်ဆေးမှုများကို ရောဂါပျောက်ပြီး နှစ်အနည်းငယ်ကြာသည်ထိ ပြုလုပ်ရန်လိုအပ်သည်။

နောက်ထပ် သတိပြုရမည့်အချက်မှာ ဆီးအိမ်ကင်ဆာဖြစ်ပွားသူဦးရေ၏ ထက်ဝက်ခန့်သည် ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်၍ အင်္ဂလန်နိုင်ငံရှိ The National Health Service (NHS) မှ "ဆီးအိမ်ကင်ဆာအစ ဆေးလိပ်သောက်ခြင်းက"ဟု သတိပေးဖော်ပြထားသည့်အတွက် ဆိုးကျိုးများစွာကို ဖြစ်စေတတ်သော ဆေးလိပ်သောက်သုံးခြင်းမှ အထူးရှောင်ကြဉ်ကြပါရန် ရေးသားလိုက်ရပါသည်။

**❖ဆီးအိမ်ကင်ဆာသည် ဆီးများကို သိုလှောင်ထားသော တင်ပါးဆုံနေရာတွင်ရှိသည့် ပူဖောင်းပုံဆီးအိမ်တွင် ဖြစ်ပွားသောကင်ဆာတစ်မျိုးဖြစ်သည်။ ဆီးအိမ်ကင်ဆာ၏ အဖြစ်အများဆုံး လက္ခဏာတစ်ခုမှာ ရုတ်တရက် ဆီးထဲသွေးပါခြင်းဖြစ်သည်။ ၎င်းကို ဆေးသိပ္ပံနည်းအရ Haematuria ဟုခေါ်သည်။ ဆီးထဲသွေးပါရာ၌ နာကျင်မှု ထွေထွေထူးထူး မခံစားရသဖြင့် ဝေဒနာရှင်အများစုက "အချိန်တန်ရင် ပျောက်သွားမှာပါ"ဟု ခပ်ပေါ့ပေါ့တွေးတတ်ကြသည်။ အမှန်စင်စစ် ဆီးအိမ်ကင်ဆာ၏ သဘောသဘာဝသည် စဦးပိုင်းတွင် ထင်သာမြင်သာမပြတတ်ဘဲ ကင်ဆာအဆင့်တက်လာမှ သိလာရသည်။ ❖**

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့် (ပုံစံ-၇) ရရှိထားသူများနှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားသူများ သိရှိနိုင်ရန်ကြေညာချက်

ရက်စွဲ ၊ ၁၃-၁၁ - ၂၀၂၄

၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Mandalay Business Capital City Development ltd., တို့သည် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မန္တလေးမြို့ ရေကြီးရေလျှံမှုလျှော့ချနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်ချုပ်ဆိုခဲ့ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ကို ၂၀၁၇ ခုနှစ်တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းဧရိယာအတွင်း စီမံကိန်းနှင့်သက်ဆိုင်ခြင်းမရှိသောလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိကြောင်း ညွှန်ကြားချက်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို မြေ(၁ဧက)လျှင် ကျပ်သိန်း(၁၅၀၀)နှုန်း၊ မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို မြေ(၁ဧက)လျှင် ကျပ်သိန်း(၆၀၀)နှုန်းဖြင့် သတ်မှတ်ဝယ်ယူပေးခြင်းနည်းလမ်းနှင့်လည်းကောင်း၊ စီမံ ကိန်းဧရိယာအတွင်း မြို့မြေကွက်များဖြင့် စီမံကိန်းစာချုပ်ပါအတိုင်း လဲလှယ်ပေးခြင်းနည်းလမ်းနှင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါနည်းလမ်းများနှင့်ဆောင်ရွက်ခဲ့ရာ စီမံကိန်းဧရိယာ၏ (၇၅%)ကျော် ဆောင်ရွက်ပြီးမြောက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများအနက် အကြောင်းအမျိုးမျိုးတို့ကြောင့် လာရောက်ရောင်းချခြင်း၊ စီမံကိန်းတွင်ပေါ်ထွက်လာမည့် မြို့မြေကွက်များနှင့် စီမံကိန်းစာချုပ်ပါအတိုင်း လာရောက်လဲလှယ်ခြင်း၊ ဆောင်ရွက်ရန်ကျန်ရှိနေသူများအား မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့်များအတွက် ပြန်လည်ရရှိမည့် ငွေကြေး (သို့မဟုတ်)စီမံကိန်းမြို့မြေကွက်များ လာရောက် ရယူနိုင်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီက (၁၅-၉-၂၀၂၃) ရက်နေ့တွင် ရက်ပေါင်း(၆၀) ပထမအကြိမ်အဖြစ်လည်းကောင်း၊ (၁၈-၁-၂၀၂၄)ရက်နေ့တွင် ရက်ပေါင်း(၃၀) ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ သတင်းစာများတွင် ကြေညာပေးခြင်း၊သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာချက်ဗီနိုင်းများကပ်ပြီး အသိပေးခြင်းများဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ ထို့အပြင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီမှ (၃၁.၁၂.၂၀၂၃) ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည့် မြေယာဝယ်ယူရေးနှင့်မြို့မြေစလစ်လဲလှယ်ရေးဆပ်ကော်မတီအနေဖြင့် စီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများနှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ မြေယာများ လာရောက်ရောင်းချရန် ကျန်ရှိသူများ၊ မြို့မြေကွက်လဲလှယ်ရန်ကျန်ရှိသူများအား (၁၁.၄.၂၀၂၄) ရက်နေ့မှ (၁၃.၇.၂၀၂၄)ရက်နေ့အတွင်း (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ) (၆)ကြိမ် ခေါ်ယူတွေ့ဆုံခဲ့ပြီးဖြစ်ပါသည်။

၅။ ယခုအခါတွင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိပြီး စီမံကိန်းသို့ လာရောက်ရောင်းချရန် (သို့မဟုတ်) မြို့မြေကွက်များနှင့် လာရောက်လဲလှယ်ရန်ကျန်ရှိနေသည့် ကွင်းအမှတ် (၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁ (ရွှေကြက်ယက်))အတွင်းရှိ ပုံစံ(၇)ရှိသော ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်နှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးခွင့်ရရှိထားခဲ့သောမြေနေရာ (၈၀၅.၃၂ဧက)၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို ပယ်ဖျက်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၆။ စိုက်ပျိုးလုပ်ကိုင်ခွင့်ပယ်ဖျက်ရုပ်သိမ်းမည့် ကွင်းအမှတ် (၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁ (ရွှေကြက်ယက်))အတွင်းရှိ (၈၀၅.၃၂ ဧက)တွင်ပါဝင်သော စိုက်ပျိုးလုပ်ကိုင်ခွင့် အထောက်အထားရှိသူများအနေနှင့် မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့်စာရွက်စာတမ်းမူရင်းများဖြင့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီတွင် (၁၈.၁၁.၂၀၂၄)ရက်နေ့ နောက်ဆုံးထားပြီး သတ်မှတ်နှုန်းထားငွေကြေးသော်လည်းကောင်း၊ စီမံကိန်းစာချုပ်ပါအတိုင်း စီမံကိန်းမှပေါ်ထွက်လာမည့် မြို့မြေကွက်သော်လည်းကောင်း ရယူ/ထုတ်ယူနိုင်ရန် အသိပေးအပ်ပါသည်။

၇။ နောက်ဆုံးဆက်သွယ်ဆောင်ရွက်ရမည့် သတ်မှတ်ရက်ကျော်လွန်ပါက အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီက လိုအပ်သလိုဆက်လက် စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အတွင်းရေးမှူး

အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ

**ဆက်သွယ်ရန်**

- ခရိုင်အုပ်ချုပ်ရေးမှူး၊ အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
  ဖုန်းနံပါတ် (၀၉-၂၀၀၉၅၅၆)
- အတွင်းရေးမှူး ၊ အမရပူရ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၄၂၈၀၀၁၄၅၄)
- အဖွဲ့ဝင် ၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၉၆၉၉၈၈၀၁၁ / ၀၉-၉၆၉၉၈၈၈၉၇)

---

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

---




---

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm







## မွေးသက္ကရာဇ်အမှန်

ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မုံပင်ကျေးရွာအုပ်စု၊ ရွာသစ်ကလေးကျေးရွာနေ ဦးသန့်ဇင်ဦး-ဒေါ်ခင်ဆွေဝင်း တို့၏သမီး မယွန်းသန္တာဦး ၏ မွေးသက္ကရာဇ်အမှန်မှာ ဖွားစာရင်းအရ ၂၄-၅-၂၀၁၉ ဖြစ်ပါကြောင်း။

၂၄-၅-၂၀၁၉

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ သူငယ်တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade-11 တန်းတွင် ပညာသင်ကြားနေသော မသဲရွှေစင် ၏ ဖခင်မှာ ဦးဖိုးဆိုး (ခ) ဦးဖိုးကောင်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဖိုးဆိုး (ခ) ဦးဖိုးကောင်း (၉/တတဥ(နိုင်)၀၈၄၀၂၃)

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ဆူးကားကင်းရွာနေ ဦးမြင့်ချို-ဒေါ်ဆွေတင့် တို့၏သား မောင်ဝင်း (ခ) ကုလားကြီး (၉/ပသက(နိုင်)၁၉၉၄၉၉)သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ

ဦးမြင့်ချို(၉/ပသက(နိုင်)၀၁၉၅၁၅)

ဒေါ်ဆွေတင့်(၉/ပသက(နိုင်)၀၁၉၅၁၁)

## အဖိုးတန်ရေချိုကို ချွေတာပါ

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် ပညာပေါ်တွင် အခြေခံ...**

❖ **ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် နိုင်ငံ၏ အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## အာရှကို မဏ္ဍိုင်ပြု ဖွံ့ဖြိုးမည့် ဤကမ္ဘာမှာ

ဆောင်းပါး စာမျက်နှာ - ၁၉


## (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

စာမျက်နှာ - ၂၀

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ တမီးနာဒူးလ်မြောက်ပိုင်းကမ်းလွန်နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။




# နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲတွင် ဒဂုံစတားအသင်းနှင့် Junior Lions အသင်းတို့ နိုင်ပွဲရရှိ



**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၃) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံစတားအသင်းနှင့် Junior Lions အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

Junior Lions အသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၃)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခုနစ်မိနစ်တွင် ရာဇာထွန်း၊ ပွဲချိန် ၃၇ မိနစ်တွင် ကောင်းခန့်ဇော်တို့က သွင်းယူနိုင်ခဲ့ပြီး

စာမျက်နှာ ၂၃ ကော်လံ ၁ ❖

MYAWADDY TRADING LIMITED



ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257